# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# (၁၈) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

## (၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၈၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၉၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၁-၂-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါ တယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၆ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၈၃ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၄၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၄၃ ဦးအနက် ၂၆ ဦးကတော့ ယခင်က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၁၇ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မံစီမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ခွင့် ၂ ရက်၊

(၂) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး ခွင့် ၂ ရက်၊

(၃) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၂ ရက်၊

(၄) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၂ ရက်၊

(၅) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၂ ရက်၊

(၆) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၂ ရက်၊

(၇) မိုးညှိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၂ ရက်၊

(၈) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၂ ရက်၊

(၉) အင်းစိန်မဲဆန္ဒနယ်မှ ဦးအေးမြင့် ခွင့် ၁ ရက်၊

(၁၀) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၁ ရက်၊

(၁၁) ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင် ခွင့် ၁ ရက်၊

(၁၂) မယ့်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း ခွင့် ၁ ရက်၊

(၁၃) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း ခွင့် ၁ ရက်၊

(၁၄) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစောရွှေ ခွင့် ၁ ရက်၊

(၁၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသန်းဇော်ဦး ခွင့် ၂ ရက်၊

(၁၆) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၁ ရက်၊

(၁၇) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ယနေ့ ခွင့်ပန်ကြားသူ ၁၇ ဦးအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၇ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၄၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ နိုင်ငံတော်သမ္မတထံ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့က သဝဏ်လွှာတစ်စောင်ပေးပို့ထားခြင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

သို့

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အကြောင်းအရာ။ သဝဏ်လွှာပေးပို့ခြင်း

၁။ နိုင်ငံတော်သမ္မတထံမှ ၄-၂-၂၀၁၃ ရက်စွဲပါစာအမှတ် ၁၀၈-၁/၈-သမ္မတရုံးဖြင့်ပေးပို့လာသော သဝဏ်လွှာအား လက်ခံရရှိပါသည်။

၂။ လစ်လပ်လျက်ရှိသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ပြန်လည်ဖွဲ့စည်းရေးအတွက် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့မှ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား အမည်စာရင်းပေးပို့ထားကြပါသည်-

(က) နိုင်ငံတော်သမ္မတက ရွေးချယ်သူများ

(၁) ဦးမြင့်ဝင်း အငြိမ်းစားဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံး

(၂) ဦးသန်းကျော် နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့ဝင်

(၃) ဒေါ်လှမျိုးနွယ် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန

(ခ ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသူများ

(၁) ဦးမြသိန်း အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(၂) ဦးမြသိန်း တရားလွှတ်တော်ရှေ့နေ၊ နိုင်ငံတော်ပဗ္ဗလစ်

(၃) ဦးမြင့်လွင် တရားလွှတ်တော်ရှေ့နေ၊ နိုင်ငံတော်ပဗ္ဗလစ်

(ဂ ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသူများ

(၁) ဦးတင်မြင့် အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံး

(၂) ဒေါ်ကျင်စန်း အငြိမ်းစားဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံး

(၃) ဦးမျိုးချစ် အငြိမ်းစားညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းတစ်ခု ဖြစ်၍ ဥက္ကဋ္ဌရာထူးရွေးချယ်မှုတွင် တရားစီရင်ရေးနယ်ပယ်တွင် တာဝန်ထမ်းဆောင်ခဲ့သော တရားစီရင်ရေးဆိုင်ရာအတွေ့အကြုံရှိသော ပုဂ္ဂိုလ်များအား ရွေးချယ်တာဝန်ပေးအပ်သင့်သည်ဟု ထင်မြင်ယူဆပါသည်။

၄။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌရာထူးတွင် အထက်အပိုဒ် ၂ ပါ အမည်စာရင်းပေးပို့ထားသူများမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ညွှန်ကြားရေးမှူးချုပ်တာဝန်ထမ်းဆောင်ခဲ့သော ဦးမြသိန်းအား တာဝန်ပေးအပ်ပါက ပိုမိုသင့်လျော်မည်ဟု ယူဆပါကြောင်းသဝဏ်လွှာပေးပို့ပါသည်။

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

မိတ္တူကို

- ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်

ပေးပို့ခဲ့ခြင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသိရှိအောင် ပြန်လည်တင်ပြခြင်း ဖြစ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**တိုင်းဒေသကြီး/ပြည်နယ်များတွင် နှစ်စဉ်မြွေကိုက်ခံရသည့် ဖြစ်စဉ်နှင့် မြန်မာနိုင်ငံဆေးဝါးစက်ရုံမှ ဆေးဝါးလုံလုံလောက်လောက် ဖြန့်ဝေနိုင်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ တက်ရောက်လာကြသော ဧည့်သည်တော် ဒုတိယဝန်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်း ကျေးလက်နေ တောင်သူလယ်သမားများ၊ အလုပ်သမားများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် သိလိုတဲ့ အချက်ကို ကျွန်တော့်လိုပဲ ဒေသခံပြည်သူများက သိလို ဆောင်ရွက်ပေးစေလိုတဲ့ ဆန္ဒရှိတဲ့အတွက် အများပြည်သူများ သိသာထင်ရှားစွာ သိရှိနိုင်ရန် ရည်ရွယ်ပြီးတော့ ဒီမေးခွန်းကို သက်ဆိုင်ရာဝန်ကြီးများထံ မေးမြန်းရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ကျေးလက်နေပြည်သူများ စားဝတ်နေရေးပြည့်စုံပြီး စီးပွားရေးတိုးတက်မှသာ မြို့နဲ့ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်မှုကွာဟချက်လျော့နည်းပြီး ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် လုပ်ငန်းစဉ် ၈ ရပ်ချမှတ်ပြီး အမျိုးသားစီမံကိန်းအား ရည်မှန်းချက်ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံတော်အစိုးရအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၊ ၂၃၊ ၂၄ မှာ ပြဋ္ဌာန်းထားတဲ့အတိုင်း နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူများ၊ တောင်သူလယ်သမားများနဲ့ အလုပ်သမားများရဲ့ မူလအခွင့်အရေးများကို ကူညီစောင့်ရှောက်ပေးရန် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း တွေ့ရှိရပါတယ်။ ဒါပေမယ့် တကယ့်လက်တွေ့မှာ ကျေးလက်နေအချို့ပြည်သူများဟာ ပညာပြည့်ပြည့်ဝဝ

သင်ကြားနိုင်မှုမရှိဘဲ မိမိတို့ရဲ့အသက်ရှင်သန်ရပ်တည်နေထိုင်ရေးအတွက် နေ့စဉ်စားဝတ်နေရေး ပင်ပင်ပန်းပန်းဆောင်ရွက်နေရတဲ့အတွက် မိမိကိုယ်မိမိကျန်းမာရေးစောင့်ရှောက်မှု အသိစိတ်ဓာတ် ရှိရှိနဲ့ ပြည့်ပြည့်ဝဝဆောင်ရွက်နိုင်ခြင်း မရှိတဲ့အတွက် အချိန်မတိုင်မီသက်တမ်းမစေ့မီမှာ သေဆုံးတဲ့ ဖြစ်စဉ်တွေ ရှိနေဆဲပဲ ဖြစ်ပါတယ်။ စားဝတ်နေရေးအတွက် မိုးကာလမှာ ချောင်းရေများ၊ မြစ်ရေများနဲ့ အတူ မျောပါလာတဲ့ထင်းများကို မိမိတို့ဝမ်းစာအတွက် ရောင်းချရန်ရည်ရွယ်ပြီး ဆယ်ယူရန် ကြိုးစား ရင်း ရေမျောထင်းများနဲ့အတူ ပါလာတဲ့ မြွေဆိုးကိုက်ခြင်း၊ လယ်ကွင်းထဲမှာ စပါးရိတ်သိမ်းရင်း မြွေဆိုးကိုက်ခံရခြင်း၊ တစ်ရွာနဲ့တစ်ရွာအကြား ညအချိန်မှောင်မှောင်မဲမဲမှာ သွားလာရရင်းနဲ့ မိမိကိုယ် မိမိ ကျန်းမာရေးစောင့်ရှောက်မှုမရှိလို့ မြွေဆိုးကိုက်ခြင်းကြောင့် သေဆုံးရသူများတွေ့ရှိနေရပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာ မြွေဆိုး၊ မြွေပွေး၊ မြွေဟောက်အပါအဝင် အဆိပ်ရှိတဲ့ မြွေဆိုး တွေကိုက်သဖြင့် အချိန်မီဆေးဝါးလုံလုံလောက်လောက်မရရှိခြင်း၊ ကုသခြင်းမပြုနိုင်တဲ့အတွက် သေဆုံးမှုဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိကြောင်းတွေ့ရပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းမှာ ရှိတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးစတဲ့ ဒေသတွေဟာ ရာသီဥတုပူပြင်းပြီး မြွေဆိုးပေါက်မှုများပြားသဖြင့် တောနယ်ကျေးရွာများမှာ နေထိုင် ကြတဲ့ပြည်သူများ၊ လယ်သမားများအနေနဲ့ စားဝတ်နေရေးအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင် ရာမှာ မြွေဆိုးအန္တရာယ်နဲ့ ရင်ဆိုင်ဆောင်ရွက်နေရတဲ့လုပ်ငန်းလုပ်ကိုင်သူဟာ အများစု ဖြစ်နေပါတယ်။ အလားတူ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာလည်း စားဝတ်နေရေးလုပ်ကိုင်ရာမှာ မြွေကိုက် ခံရတဲ့ အန္တရာယ်ကြောင့်လည်းကောင်း၊ ဆေးဝါးလုံလုံလောက်လောက် ရရှိမှု မရှိ သဖြင့်လည်းကောင်း၊ ထိုးဆေးအင်မတန် ဈေးကြီးနေတဲ့အတွက်လည်းကောင်း၊ အချိန်မီဆေးခန်း မပို့နိုင်သဖြင့် လည်းကောင်း မသေဆုံးသင့်ဘဲ သေဆုံးနေရတဲ့ဖြစ်စဉ်တွေ ဖြစ်ပွားနေကြောင်း ကြားသိနေရပါတယ်။ ဒါကြောင့်မို့လို့ အောက်ပါမေးခွန်းများကို ဖြေကြားဆောင်ရွက်ပေးနိုင်ပါရန် လွှတ်တော်မှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ (က) တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ နှစ်စဉ်မြွေကိုက်ခံရသဖြင့် ဖြစ်စဉ်နှင့်သေဆုံးမှုနှုန်း၊ ဆေးရုံမရောက်မီနဲ့ ဆေးရုံရောက်ပြီး မည်မျှရှိပါသလဲ။ (ခ) တိုင်းဒေသကြီးနဲ့ ပြည်နယ်များရှိ မြို့နယ်အဆင့်ဆေးရုံများမှာ မြွေဆိုးအန္တရာယ် ကုသပေးနိုင်ရန် အတွက် ထိုးဆေးမည်မျှ ထုတ်ပေးထားပါသလဲလုံလောက်မှုရှိ၊ မရှိ။ (ဂ) မြန်မာနိုင်ငံဆေးဝါးစက်ရုံမှ မြွေဆိုးအကိုက်ခံရပါက နှစ်စဉ်ကုသမယ့် ထိုးဆေးမည်မျှထုတ်လုပ်ပါသလဲ။ (ဃ) အဆိုပါဆေးဝါးစက်ရုံမှ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်အဆင့်ဆေးရုံများဆေးဆိုင်များတွင် သက်သက်သာသာဖြင့် ဆေးဝါးများ

လုံလုံလောက်လောက်ဖြန့်ဝေနိုင်ရန်အတွက် မြွေဆိပ်ဖြေဆေးအရေအတွက်မည်မျှ တိုးထုတ်ရန် ဆောင်ရွက်နေပါသလဲ။ အကယ်၍ မြွေဆိပ်ဖြေဆေးတိုးထုတ်ရန် တွေ့ရှိရတဲ့အခက်အခဲများကို ဖြေရှင်းနိုင်ရန် နည်းလမ်းများအားသိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသိန်းအောင် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီး မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ရဲ့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နှစ်စဉ်မြွေကိုက်ခံရတဲ့ဖြစ်စဉ်နှင့် သေဆုံးမှုနှုန်း၊ တိုင်းဒေသကြီးနဲ့ပြည်နယ်များရှိ မြို့နယ်အဆင့် ဆေးရုံများတွင် မြွေဆိုးအန္တရာယ်ကုသနိုင်ရန် ထိုးဆေးမည်မျှ ထုတ်လုပ်ပေးထားပါသနည်း။ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံမှ မြွေဆိုး (အမျိုးအစားအလိုက် မြွေပွေး၊ မြွေဟောက်၊ အခြား) ကိုက်ခံရပါက နှစ်စဉ်ကုသပေးနိုင်မည့် ထိုးဆေးမည်မှ ထုတ်လုပ်ထားပါသနည်း။ စက်ရုံမှ တိုင်းဒေသကြီး/ပြည်နယ်များ၊ မြို့နယ်များနှင့် ဆေးရုံများတွင် ဆေးဝါးလုံလုံလောက်လောက်ဖြန့်ဝေနိုင်ရန်အတွက် ထိုးဆေးမည်မျှ တိုးထုတ်လုပ်နိုင်ရန် ဆောင်ရွက်မည်ဆိုသည့်အချက်အလက်များကို သိရှိလိုကြောင်း မေးမြန်းလာတဲ့အတွက် ဒီမေးခွန်းများနှင့် ပတ်သက်ပြီးတော့ စက်မှုဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နှစ်စဉ် မြွေကိုက်နှုန်းနဲ့ သေဆုံးမှုနှုန်းများနဲ့ ပတ်သက်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်များအရဆိုရင် ၂၀၀၅ ခုနှစ်မှာ ၈၉၄၇ ဦး Case ဖြစ်ပါတယ်။ သေဆုံးမှုက ၂၀၁ ဦးဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ်မှာ ၁၃၀၆၉ ဦး အကိုက်ခံရပါတယ်။ ၄၁၅ ဦးသေဆုံးပါတယ်။ ၂၀၀၇ ခုနှစ်မှာ ၁၅၀၉၄ ဦး အကိုက်ခံရပြီးတော့ ၃၉၆ ဦး သေဆုံးခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှာ ၉၀၄၈ ဦးအကိုက်ခံရပြီးတော့ ၇၇၃ ဦးသေဆုံးခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာတော့ ၁၄၀၆၂ ဦး မြွေကိုက်ခံရပြီးတော့ ၄၃၈ ဦး ဆုံးရှုံးခဲ့ပါတယ်။ ၂၀၁၀ မှာတော့ ၁၄၁၅၈ ဦး မြွေကိုက်ခံရပြီးတော့ ၃၈၃ ဦးသေဆုံးခဲ့ပါကြောင်း စာရင်းဇယားကိန်းဂဏန်းများအရ တွေ့ရပါတယ်။ ဒီအပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာလည်း အကြိမ်ကြိမ် မြွေဆိပ်ဖြေဆေးများနဲ့ ပတ်သက်ပြီးတော့ နှစ်စဉ်တိုးမြှင့်ထုတ်လုပ်ရန်လည်း ကျွန်တော်တို့ ရှင်းလင်းဖြေကြားခဲ့ပြီး

ဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနအနေနဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ မြွေပွေးအဆိပ်ဖြေဆေး ၂၅၀၀၀ လုံးနှင့် မြွေဟောက်အဆိပ်ဖြေဆေး ၅၀၀၀ လုံး၊ စုစုပေါင်း မြွေဆိပ်ဖြေဆေး ၃၀၀၀၀ ထုတ်လုပ်ဖို့ ကျွန်တော်တို့ လျာထားဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့ အထိမှာဆိုရင် မြွေပွေးအနေနဲ့ လျာထားချက်အတိုင်း ၂၅၀၀၀ ထုတ်ပြီးဖြစ်ပါတယ်။ သို့သော် မြွေဟောက်အဆိပ်ဖြေဆေးကတော့ ၁၆၁၂ လုံးပဲ ထုတ်ပါတယ်။ ဒါကတော့ လက်ကျန်လည်းရှိနေတာ ရယ်။ နောက်ထပ်မြွေဟောက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ သုံးစွဲမှုနှုန်းနည်းတာရယ်၊ မြွေကိုက် ခံရတဲ့ နှုန်းနည်းတာကြောင့် ကျွန်တော်တို့ မြွေပွေးနဲ့ မြွေဟောက်ကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့ အထိမှာဆိုလို့ရှိရင် ၂၆၆၂၂ လုံးအထိ ထုတ်လုပ်တဲ့အတွက်ကြောင့် တစ်နှစ်လုံးအပေါ်မှာ ၈၈.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သလိုပဲ ၂၀၁၂-၂၀၁၃ လျာထားချက် ၃၀၀၀၀ ကို လည်း ပြည့်မီကျော်လွန်အောင် ကျွန်တော်တို့ထုတ်လုပ်သွားရန် စီမံဆောင်ရွက်ထားရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လစဉ် ထုတ်လုပ်နေတဲ့ မြွေဆိပ်ဖြေဆေးများအနက်မှ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလအထိ မြွေပွေးအဆိပ်ဖြေဆေး ကို ကျန်းမာရေးဝန်ကြီးဌာနကို ကျွန်တော်တို့ ၁၉၃၀၀ လုံး ရောင်းချပေးခဲ့ပါတယ်။ ကာကွယ်ရေး ဝန်ကြီးဌာနကို ၄၀၀ လုံးရောင်းချပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ လွှတ်တော် ကိုယ်စားလှယ်များကို ၉၆၉ လုံး ရောင်းချတဲ့အတွက်ကြောင့် စုစုပေါင်း ၂၀၆၆၉ လုံး ကျွန်တော်တို့ ရောင်းချပြီး ဖြစ်ပါတယ်။ မြွေဟောက်အဆိပ်ဖြေဆေးကတော့ ယခင်နှစ်က လက်ကျန်လည်း ရှိနေတဲ့ အတွက်ကြောင့် ကျန်းမာရေးဝန်ကြီးဌာနကို ၃၉၉၅ လုံး ရောင်းထားပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များကိုတော့ အလုံး ၅၀ ရောင်းထားတဲ့အတွက်ကြောင့် စုစုပေါင်း ၄၀၄၅ လုံး ကျွန်တော် တို့ အသီးသီးရောင်းချထားပြီးဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့တော့ ကျွန်တော်တို့ စက်မှု ဝန်ကြီးဌာနကနေပြီးတော့ ရောင်းချပြီး ရရှိခဲ့တဲ့ မြွေပွေးအဆိပ်ဖြေဆေး ၁၉၃၀၀ လုံးနဲ့ မြွေဟောက် အဆိပ်ဖြေဆေး ၃၉၉၅ လုံး၊ စုစုပေါင်း ၂၃၂၉၅ လုံး ကျန်းမာရေးဝန်ကြီးလက်ထဲမှာ ရှိပါတယ်။ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဌာနရဲ့ အသိအမှတ်ပြုတဲ့ ဆေးဝါးကုမ္ပဏီတွေကနေပြီးတော့ နိုင်ငံခြားကနေပြီးတော့ မြွေဆိပ်ဖြေဆေးကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ၆၆၈၀၀ လုံးဝယ်ယူခဲ့ ပါတယ်။ ဒီဝယ်ယူထားတဲ့ မြွေဆိပ်ဖြေဆေးအားလုံးကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ၉၀၀၉၅ လုံး ရှိပါတယ်။ ဒါကို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်း

ဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်အဆင့်တွေကိုတော့ မြွေကိုက်ခံရနည်းတဲ့ မြို့နယ်တွေကို တစ်လကို ပျမ်းမျှ ၆ လုံး ကျွန်တော်တို့ကို ထုတ်ပေးထားတယ်လို့ သိရပါတယ်။ အလားတူပဲ မြွေကိုက်များတဲ့ မြို့နယ်ကိုတော့ တစ်လကို ၄၉ လုံးခန့် ကျွန်တော်တို့ လျာထားပြီးတော့ ဖြန့်ဖြူးနေကြောင်းကိုလည်း ကျန်းမာရေးဝန်ကြီးဌာနရဲ့ စာရင်းဇယားကိန်းဂဏန်းတွေအရ သိရပါတယ်။ စက်မှုဝန်ကြီးဌာန အနေနဲ့တော့ ယခင်ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာ တင်ပြထားသလိုပဲ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ်မှာ မြွေဆိပ်ဖြေဆေး ၃၅၀၀၀ လုံးနဲ့ မြွေဟောက်ဖြေဆေးကိုတော့ ၅၀၀၀ နှုန်း ထုတ်လုပ်သွားရန် ရည်ရွယ်ထားပါတယ်။ ၂၀၁၄-၂၀၁၅ မှာတော့ ၄၀၀၀၀ နဲ့ မြွေဟောက်ဖြေဆေး ၅၀၀၀ ထုတ်လုပ် သွားမှာ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာတော့ ကျွန်တော်တို့ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ လိုအပ်နေတဲ့ မြွေဆိပ်ဖြေဆေး ၅၀၀၀၀ နဲ့ ကျွန်တော်တို့ မြွေဟောက်ကိုတော့ ကျွန်တော်တို့ ၅၀၀၀ ထုတ်လုပ်သွားရန် စီမံဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ဒီအတွက်လည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဘတ်ဂျတ်ငွေမှာလည်း မြွေဆိပ်ဖြေဆေးများ ထုတ်လုပ်ဖို့အတွက် ဘတ်ဂျတ်ငွေတောင်းခံထားသလိုပဲ လွှတ်တော်ရေးရာကော်မတီများမှလည်း မြွေဆိပ်ဖြေဆေးထုတ်လုပ်ဖို့အတွက် အပြည့်အဝထောက်ခံ ထားပါသဖြင့် ၂၀၁၄-၂၀၁၅ ကုန်တဲ့အခါမှာ ကျွန်တော်တို့ လျာထားချက်အတိုင်း အပြည့်အဝ ကျွန်တော်တို့ မြွေဆိပ်ဖြေဆေးများ ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးတဲ့မေးခွန်းကိုတော့ ဝန်ကြီးဌာနနှစ်ခုက ဖြေသင့်တယ်လို့ ထင်ပါတယ်။ မေးတဲ့မေးခွန်းရဲ့ ရည်ရွယ်ချက်အတိအကျမသိရသော်လည်း အရေးကြီးတာက လိုတဲ့မြွေဆိပ် ဖြေဆေးတွေကို လိုအပ်တဲ့နေရာမှာ အသုံးပြုနိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒီလိုဆိုရင် ကိုယ့်ဆီမှာရှိတဲ့ စက်ရုံက ထုတ်ပေးမှသာ ဖြည့်ဆည်းပေးနိုင်မယ် မဟုတ်ပါဘူး။ လိုတဲ့မြွေဆိပ်ဖြေဆေးကို ဝယ်လို့ရတဲ့နေရာက အဆင့်အတန်းရှိရှိ ဝယ်ပေးမယ်ဆိုရင် ဒီမြွေဆိပ်ဖြေတဲ့လုပ်ငန်းတွေ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းကို လွှတ်တော်ကမှတ်သားပြီး လာမယ့်နှစ်မှာ တကယ်လိုအပ်မယ့် မြွေဆိပ်ဖြေဆေး အရေအတွက် ရရှိရေးအတွက် သက်ဆိုင်ရာကော်မတီနဲ့ ကျန်းမာရေးမြှင့်တင်မှု ကော်မတီနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ဖို့ လိုပါလိမ့်မယ်။ ဒီအတွက် လိုအပ်မယ့် ငွေကြေးလည်း လုံလောက်စွာ ရှိမယ်လို့ ယူဆပါတယ်။ ဒါကို ပြန်ပြီးတော့ ရှင်းလင်းတင်ပြရမယ်ဆိုရင် လိုချင်တာက မြွေဆိပ်ဖြေဆေးကို လုံလုံလောက်လောက်ရရှိပြီးတော့ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ကိုယ့်စက်ရုံကထုတ်မှ ဒီဟာတွေ စောင့်ပြီးသုံးမယ်ဆိုလို့ရှိရင် ဒီနေ့လိုအပ်ချက်တွေ ပြည့်စုံမှာ

မဟုတ်တဲ့အတွက် လိုအပ်ချက်ပြည့်စုံအောင် သက်ဆိုင်ရာ ကျန်းမာရေးမြှင့်တင်မှုကော်မတီနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ အချိန်မီညှိနှိုင်းပြီးတော့ ဒီ Budget ကာလမတိုင်ခင် ခွင့်ပြုဆောင်ရွက်ပေးနိုင်ဖို့လည်းလိုပါတယ်။

**မောင်တောမြို့နယ်၊ အလယ်သံကျော်ဒေသနှင့် အခြားမြို့နယ်များတွင် စက်မှုလုပ်ငန်းများကို ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများလာရောက်လုပ်ကိုင်နိုင်ရေးစီစဉ်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ရှိသေလေးစားရပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ရခိုင်ပြည်နယ်ဟာ ဘင်္ဂလားပင်လယ်ရေပြင်နဲ့ ဆက်စပ်တည်ရှိပြီးတော့ မြစ်ကြီးများ၊ ချောင်းများပေါများပြီး ပင်လယ်ထွက်ပေါက်များတဲ့ဒေသတစ်ခုဖြစ်ပါတယ်။ အနောက်ဘက်ရှိ လူဦးရေအလွန်သိပ်သည်းများပြားသော အိမ်နီးချင်းနိုင်ငံနဲ့ နိုင်ငံ၏ အနောက်ဘက်တစ်လျှောက်မိုင် ၂၅၀ ခန့် တစ်ဆက်တည်းတည်ရှိနေပါတယ်။ ရခိုင်ပြည်နယ်၏ လက်ရှိလူဦးရေကိုကြည့်ခြင်းအားဖြင့် တိုင်းရင်းသားမဟုတ်တဲ့ တိုင်းတစ်ပါးသားလူဦးရေမှာ အထူးသဖြင့် မောင်တော၊ ဘူးသီးတောင်မြို့နယ်များမှာ တိုင်းရင်းသားလူဦးရေထက်ပိုမိုလွှမ်းမိုးနေတာကို တွေ့ရှိရပါတယ်။ ရသေ့တောင်နှင့် စစ်တွေ၊ ပေါက်တောမြို့နယ်များတွင် တိုင်းရင်းသားများ၏ လူဦးရေကိုလွှမ်းမိုးဖွယ်ရာအခြေအနေများလည်းရောက်ရှိနေပါတယ်ရှင်။ တိုင်းတစ်ပါးသားလူဦးရေများပြားတိုးပွားလာတဲ့အတွက် ရခိုင်ပြည်နယ်မှာ မလိုလားအပ်တဲ့တည်ငြိမ်အေးချမ်းမှုကင်းမဲ့တဲ့အခြေအနေများလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်မှာ ရခိုင်တိုင်းရင်းသားများအပါအဝင် အခြားတိုင်းရင်းသားလူမျိုးများမှာ စုစုပေါင်းကြည့်မယ်ဆိုရင် မြို့နေလူဦးရေ၏ ၅ ရာခိုင်နှုန်းသာရှိနေတာကိုတွေ့ရှိရပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းများမရှိခြင်း၊ ဒေသဖွံ့ဖြိုးမှုများမရှိသလောက်နည်းပါးနေခြင်းတို့ကြောင့် တိုင်းရင်းသားလူမျိုးများရဲ့ လူဦးရေအင်အားဟာ တဖြည်းဖြည်းလျော့နည်းကျဆင်းလာတာဖြစ်ပါတယ်ရှင်။ မောင်တောမြို့နယ်၊ အလယ်သံကျော်ဒေသမှာ ကမ်းခြေတစ်လျှောက်သင်္ဘောပြင်ဆင်ခြင်းလုပ်ငန်း၊ သင်္ဘောတည်ဆောက်ခြင်းလုပ်ငန်း၊ ပင်လယ်ကမ်းနားအပန်းဖြေစခန်းလုပ်ငန်းများနှင့် အခြားသောမြို့နယ်ဒေသများမှာ အထည်ချုပ်လုပ်ငန်း၊ လုပ်သားအင်အားအများအပြားလိုအပ်သော စက်မှုလုပ်ငန်းများကို ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုနဲ့

တည်ထောင်ပေးရန်လိုအပ်လျက်ရှိနေပါတယ်။ ဒီလိုလုပ်ငန်းတွေထူထောင်လာပါမှ အခြားသော မြို့နယ်မှ တိုင်းရင်းသားများကလည်း အလုပ်အကိုင်အတွက် လာရောက်လုပ်ကိုင်အခြေချနေထိုင်လာကြမှာဖြစ်တဲ့အတွက် မောင်တောမြို့နယ်မှာတိုင်းရင်းသားလူဦးရေအချိုးလည်း ပြန်လည်မြင့်တက်လာနိုင်မှာလည်းဖြစ်ပါတယ်။ ပြည်ထောင်စုအနောက်ဘက်တံခါးကို လုံခြုံခိုင်မာစွာကာကွယ်စောင့်ရှောက်ပြီးသားလည်း ဖြစ်သွားပါလိမ့်မယ်ရှင်။ သို့ဖြစ်ပါ၍ မောင်တောမြို့နယ်၊ အလယ်သံကျော်ဒေသနှင့် အခြားသောမြို့နယ်များတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများလာရောက်လုပ်ကိုင်နိုင်ရေးအတွက် နိုင်ငံတော်မှစီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိကိုသိလိုပါ၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့် မေးမြန်းလိုက်ရပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသိန်းအောင်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့ မောင်တောမြို့နယ်၊ အလယ်သံကျော်ဒေသမှာ ကမ်းခြေတစ်လျှောက်သင်္ဘောပြင်ဆင်ခြင်းလုပ်ငန်း၊ သင်္ဘောတည်ဆောက်ခြင်းလုပ်ငန်း၊ ပင်လယ်ကမ်းနားအပန်းဖြေလုပ်ငန်းများနှင့် အခြားသောမြို့နယ်များတွင် အထည်ချုပ်လုပ်ငန်းများ၊ လုပ်သားအင်အားအများအပြားလိုအပ်သော စက်မှုလုပ်ငန်းများကို ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများလာရောက်လုပ်ကိုင်နိုင်ရေး စီစဉ်ပေးရန်အစီအစဉ်ရှိ၊ မရှိသိလိုကြောင်းမေးခွန်းနှင့် ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ပင်လယ်ကူးနိုင်ငံတကာသင်္ဘောကြီးများဝင်/ထွက်ဆိုက်ကပ်ရာဆိပ်ကမ်းမြို့များတွင် ဆိပ်ကမ်းနယ်နိမိတ်များသတ်မှတ်ပြီးတော့ ဆိပ်ကမ်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာမှာ ရခိုင်ပြည်နယ်မှာဆောင်ရွက်လျက်ရှိတဲ့ဆိပ်ကမ်းတွေကတော့ စစ်တွေဆိပ်ကမ်း၊ ကျောက်ဖြူဆိပ်ကမ်းနှင့် သံတွဲဆိပ်ကမ်းတို့ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်စက်ရုံ၊ စက်မဲ့ရေယာဉ်များပြင်ဆင်ခြင်း၊ ရေယာဉ်တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ပြည်တွင်း

ရေကြောင်းပို့ဆောင်ရေးကြီးကြပ်မှုအောက်မှာ စစ်တွေသင်္ဘောကျင်းတွင်ဆောင်ရွက်လျက်ရှိကြောင်း ကိုလည်းသိရပါတယ်။ မောင်တောဒေသ၊ အလယ်သံကျော်ဒေသမှာ ကမ်းခြေတစ်လျှောက် သင်္ဘောပြင်ဆင်ခြင်းလုပ်ငန်းများ၊ သင်္ဘောတည်ဆောက်ခြင်းလုပ်ငန်းများ၊ အထည်အချုပ်လုပ်ငန်းများ၊ လုပ်သားအင်အားအများအပြားလိုအပ်သော စက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အထူးစီးပွားရေးဇုန် သို့မဟုတ် စက်မှုဇုန်အသွင်တည်ဆောက်ရန် လိုအပ်သောမူဝါဒများချမှတ်ပြီး ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်သွားရန်လိုအပ်ပါကြောင်းတင်ပြလာပါတယ်။ ဒီကိစ္စ နှင့်ပတ်သက်ပြီး ပြည်တွင်းပြည်ပမှရင်းနှီးမြှုပ်နှံမှုများပြုလုပ်လိုသူများကို ဖိတ်ခေါ်တဲ့နေရာမှာ လုပ်ငန်းဆောင်ရွက်မည့်ဒေသရဲ့ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်မှု၊ ထုတ်လုပ်မည့်ကုန်ချော ပစ္စည်းများအား ပြည်တွင်းပြည်ပသို့ပြန်လည်တင်ပို့ရောင်းချနိုင်မှု၊ စီးပွားရေးအရတွက်ချေကိုက်မှု အလားအလာရှိ၊ မရှိတို့ကို သိရှိနိုင်ရေးအတွက်လိုအပ်သော Feasibility Study အားပြုလုပ် ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပါတယ်။ ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လည်း စီးပွားရေးတွက်ချေကိုက်မှုရှိမှသာလျှင် လာရောက်ရင်းနှီးမြှုပ်နှံကြမည်ဖြစ်ပါတယ်။ လက်ရှိ အခြေအနေအရ ရခိုင်ပြည်နယ်တွင် ရေယာဉ်များပြင်ဆင်ရေးအတွက်လည်း စစ်တွေသင်္ဘောကျင်း တစ်ခုတည်းနဲ့လုံလောက်မှုရှိကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ အလယ်သံကျော်ဒေသမှာ ပင်လယ်ကမ်းခြေမှာသာယာလှပသော်လည်း လက်ရှိ အခြေအနေမှာသွားလာလည်ပတ်ရန် လမ်းပန်းဆက်သွယ်ရေးမှအစ အခြေခံအဆောက်အဦများ ပြည့်စုံရန်လိုအပ်နေသေးသဖြင့် အပန်းဖြေစခန်းအပြင် စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်နိုင်မည့်အခြေအနေ လောလောဆယ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**စွမ်းအင်ဝန်ကြီးဌာနမှ Energy Security Plan အား မည်ကဲ့သို့ စီမံဆောင်ရွက်ထားပါသနည်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်း အဝေးမှာ အဆိုတစ်ခုတင်သွင်းဖို့ လုပ်ခဲ့ပါတယ်။ အဲ့ဒီအဆိုရဲ့ခေါင်းစဉ်ဟာ ဒီနေ့ နိုင်ငံတော်မှာ စွမ်းအင်နှင့်ပတ်သက်ပြီးတော့ ဘယ်လိုသုံးစွဲနေတယ်။ အနာဂတ်မှာ ဘယ်လိုသုံးစွဲမယ်ဆိုတဲ့ ကိစ္စရပ်

တွေကို ပြည်သူ့လွှတ်တော်အနေနဲ့ စနစ်တကျလေ့လာပြီးတော့ ပြည်သူ့လွှတ်တော်သို့ ပြန်အစီရင်ခံရန် ဆိုတဲ့ အဆိုဖြစ်ပါတယ်။ ဒီအဆိုကို အချိန်မရတဲ့အတွက်ကြောင့် မေးခွန်းအဖြစ်သို့ ပြောင်းလဲတဲ့အတွက်ကြောင့် ဒီမေးခွန်းကို မေးရခြင်း ဖြစ်ပါတယ်။ ကျွန်တော် ဆိုလိုတဲ့ စွမ်းအင်ဆိုတာ ရေနံနှင့် သဘာဝဓာတ်ငွေ့စတဲ့ ဇီဝရုပ်ကြွင်းလောင်စာမျိုးသက်သက်ကို ဆိုလိုတာမဟုတ်ပါဘူး။ နေရောင်ခြည်၊ လေရောင်ခြည်၊ လျှပ်စစ်စွမ်းအင်၊ အဏုမြူစွမ်းအင်၊ ဘိုင်အိုမတ်၊ ဘိုင်အိုဖြူးရယ်စတဲ့ စွမ်းအင်ပေါင်းစုံကို ဆိုလိုခြင်းဖြစ်ပါတယ်။ ယခုကျွန်တော့်မေးခွန်းကို ဖြေဖို့လာရောက်တာ စွမ်းအင်ဝန်ကြီးဌာနမှ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်ရေနံနှင့်သဘာဝဓာတ်ငွေ့နှင့်ပတ်သက်တဲ့ လုပ်ငန်းများကို ဆွေးနွေးလိုပါတယ်။ ဆွေးနွေးပြီး မေးခွန်းမေးချင်ပါတယ်။ ကျွန်တော့်မေးခွန်းအထောက်အကူပြုနိုင်ရန်အတွက် Power Point Slide ၂ ချက်ခန့် အသုံးပြုခွင့်ပေးပါလို့ တင်ပြလိုပါတယ်။ အခုတင်ပြတဲ့ Slide မှာ ကြည့်လိုက်ရင် ဒီနေ့အချိန်အခါဟာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ရဲ့ ဘတ်ဂျက်ကို ရေးဆွဲနေတဲ့ အချိန်ဖြစ်ပါတယ်။ နိုင်ငံတော်က တင်ပြထားတဲ့ ဘတ်ဂျက်ရဲ့ နောက်ဆက်တွဲ ၃ ဇယား ၅၉ မှာ ယခုတင်ပြထားတဲ့ ကိန်းဂဏန်းကိုဖော်ပြထားတာကြည့်ရင် ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ဓာတ်ဆီဂါလန်ပေါင်း ၁၃၁.၆၉၆ သန်း ထုတ်လုပ်မယ်လို့ လျာထားတယ်။ ၂၀၁၃-၂၀၁၄ မှာ ဂါလန်သန်းပေါင်း ၇၈ သန်းခန့်သာလျှော့ပြီး ထုတ်တဲ့အတွက်ကြောင့် ပြောင်းလဲမှုရာနှုန်းဖြင့် ၄၀.၄ ရာနှုန်း လျော့နည်းထုတ်မယ်လို့ နောက်ဆက်တွဲ ၃ မှာ အတိအကျဖော်ပြထားပါတယ်။ အလားတူ ဒီဇယ်ထုတ်လုပ်မှုမှာ ၂၀၁၂-၂၀၁၃ မှာ သန်းပေါင်း ၄၉.၇၉၉ သန်းကနေ ၂၀၁၃-၂၀၁၄ မှာ ၄၂.၁၉၉ သန်းသို့ ပြောင်းလဲတဲ့အတွက်ကြောင့် ပြောင်းလဲမှု ၁၅.၅ ရာခိုင်နှုန်း လျှော့ပြီးထုတ်လုပ်မယ်ဆိုပြီးတော့ ရေးထားပါတယ်ခင်ဗျား။ အဲ့ဒီတော့ ဒီဟာ ဆက်စပ်ပြီးပြရင် စာမျက်နှာ ၆၀ မှာ ဒီနေ့နိုင်ငံတော်က မော်တော်ကားထုတ်လုပ်မှုနှုန်းဟာ ၂၀၁၂-၂၀၁၃ မှာ ထုတ်လုပ်တဲ့စီးရေ ၁၄၇၃၀ ကနေ ၂၀၁၃-၂၀၁၄ မှာ ၁၀၄၅၀ ခု ၂၉ ရာခိုင်နှုန်းအထိ လျှော့ သွားတာတွေ့ရပါတယ်။ မော်တော်ယာဉ်တင်သွင်းမှုဟာ ပဉ္စမကာလတိုင်းနှစ်စီမံကိန်းရဲ့ ဇယား ၈၅ မှာ ဖော်ပြထားတာက ၂၀၁၁-၂၀၁၂ မှာ လူ ၁၀၀၀ မှာ ကား ၆.၅ စီးထိရှိတယ်။ အကြမ်းအားဖြင့် စီးရေပေါင်း ၃၉၀၀၀၀ လောက်ရှိတယ်။ ဒီနေ့ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှာ မော်တော်ကားစီးရေ ၄၅၀၀၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။ လူဦးရေသန်း ၆၁၀ နှင့်စားကြည့်ရင် လူ ၁၀၀၀ မှာ ၇.၅ စီးနှုန်းဖြစ်ပါတယ်။ ပဉ္စမကာလတိုင်းနှစ်စီမံကိန်းရဲ့ ဇယား ၈၅ မှာ ပြတဲ့အတိုင်းပဲ ၂၀၁၅-၂၀၁၆ မှာ လူ ၁၀၀၀ မှာ ၁၃ စီးအထိဖြစ်လာရင် မော်တော်ကားစီးရေ ၇၈၀၀၀၀ ဖြစ်လာမှာပါ။ အဲ့ဒီတော့ တစ်ဖက်မှာ ထုတ်လုပ်မှုကျသွားတယ်။ မော်တော်ကားတွေမှာသုံးတဲ့ ဒီဇယ်၊ ဓာတ်ဆီ

လိုတယ်။ ဒါပေမယ့် မော်တော်ကားစီးရေတွေ အရမ်းများလာပါတယ်။ ဒီနေ့ မြန်မာနိုင်ငံကို အလုံးအရင်းနဲ့ မော်တော်ကားတွေ ဝင်ရောက်လာတာကိုတွေ့ရပါတယ်။ ဒီနေရာမှာ မော်တော်ကား အများအပြားဟာ ကိုယ်ပိုင်စီးယာဉ်တွေပဲ ဖြစ်ပါတယ်။ ရန်ကုန်မြို့လို မြို့ကြီးတစ်မြို့မှာ ကိုယ်ပိုင် မော်တော်ကားနှင့် ခရီးသွားလို့ရှိရင် လူတစ်ယောက် ၁ မိုင်သွားဖို့အတွက် BTU ၃၆၇၁ BTU သုံးရပြီး တော့ စီးတီးဘတ်စ်လို့ခေါ်တဲ့ အများပြည်သူသုံးဘတ်စ်နဲ့သွားမယ်ဆိုရင် BTU ၈၁၆ BTU ခန့်သာကျ တဲ့အတွက်ကြောင့် ကိုယ်ပိုင်မော်တော်ကားနှင့်ခရီးသွားခြင်းဟာ ဘတ်စ်ကားနှင့်သွားတာထက် ဆီ ၄.၅ ဆပိုပြီးတော့ များတယ်ဆိုပြီးတော့ နိုင်ငံတကာသုတေသနတွေ ပြုလုပ်ထားတာတွေ့ရပါတယ်။ ကျွန်တော် ယခုလိုဆွေးနွေးခြင်းဟာ နိုင်ငံမှာ ကားစီးရေများလာတယ်။ Mass Rapid Transit ခေါ်တဲ့ MRT System လို့ မရှိသေးဘူး။ အဲ့ဒီတော့ ဆီသုံးစွဲမှုဟာ ပိုများလာတယ်။ ဒါပေမယ့် ကာလတိုငါးနှစ် စီမံကိန်း ကျွန်တော်တို့ဆီကို တင်ထားတာကိုကြည့်လိုက်ရင် ဒီဇယ်နှင့်ဓာတ်ဆီ ထုတ်လုပ်မှုဟာ ၂၀၁၂-၂၀၁၃ က ထက်တဖြည်းဖြည်းလျော့ကျသွားတာတွေ့ရပါတယ်။ တစ်ဖက်က ကဏ္ဍတွေတိုးတက်အောင် လုပ်လာတယ်။ တစ်ဖက်မှာ ထုတ်လုပ်မှုက လျော့ကျသွားတယ်။ ဒီနှစ်ခုဟာ ဆန့်ကျင်ဘက်ဖြစ်နေ တယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့နိုင်ငံဟာ ဒီဇယ်၊ ဓာတ်ဆီဆိုတာလည်း တွင်းထဲကထွက်တဲ့ ရေနံစိမ်းကိုချက်ရတာ သူ့ကိုပိုထုတ်ပါလို့ပြောလို့မရဘူး။ ရှိသလောက်ပဲထုတ်ပြီးတော့ ဒီဇယ်၊ ဓာတ်ဆီ ချက်ရပါတယ်။ အဲဒီတော့ ဒီနေ့ နိုင်ငံခြားကအမြောက်အမြားတင်သွင်းနေရတယ်။ မှောင်ခိုတောင် တင်သွင်းနေရတယ်။ မှောင်ခိုတင်သွင်းသွင်း၊ တရားဝင်ဝယ်ဝယ် ကျွန်တော်တို့နိုင်ငံက ပိုက်ဆံတွေဟာ Cut Flow အနေနဲ့ နိုင်ငံခြားကို ထွက်သွားပါတယ်။ အဲ့ဒီတော့ ဘယ်ကဲ့သို့ စွမ်းအင် Security ကို ဘယ်လိုလုပ်ထားလဲဆိုတာကို သိချင်ပါတယ်။ အကယ်၍ ကျွန်တော်တို့ရဲ့ စွမ်းအင်သုံးစွဲမှုဟာ နိုင်ငံခြားအပေါ်မှာ အရမ်းမှီတင်းနေရင် တိုင်းပြည်တစ်ပြည်နဲ့ စစ်ဖြစ်လို့ရှိရင် စွမ်းအင်လမ်းကြောင်း ကို ဖြတ်ပိတ်လိုက်ရင် ဘာမှ Security မရှိပါဘူး။ ဒီနေ့ နိုင်ငံကထုတ်တဲ့ ဓာတ်ဆီ၊ ဒီဇယ်ဆီဟာ အလွန် နည်းပါးတယ်။ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ တဖြည်းဖြည်း လျော့ကျသွားတဲ့ ဒီဇယ်၊ ဓာတ်ဆီ တစ်ဖက်က သုံးစွဲမှုရှိလာတဲ့ ယာဉ်၊ ရထားတွေ ဒီကိစ္စတွေအပေါ်မှာ မည်ကဲ့သို့သော Energy Security Plan အား ဆောင်ရွက်ထားပါသလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း လေးစားစွာဖြင့် ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာရဲ့ မြန်မာနိုင်ငံတွင် ကာလတိုငါးနှစ်အတွင်းမှာပင် စွမ်းအင်သုံးစွဲမှုများစွာတိုးတက်လာပါမည်။ ၂၀၁၅ ခုနှစ်တွင် လက်ရှိမော်တော်ယာဉ်ထက် ၂ ဆခန့်တိုးတက်လာပါမည်။ လူဦးရေ ၁၀၀၀ တွင် ကား ၁၃ စီးရှိလာမည်ဟု သိရပါသည်။ အများပြည်သူခရီးသွားလာမှုတွင် မီးရထားကဲ့သို့ လူအများသွားလာသည့်လုပ်ငန်းတွင် ဒီဇယ်ဆီ အသုံးပြုနေရခြင်း၊ ကုန်ကား၊ သင်္ဘောအားလုံး ဒီဇယ်၊ ဓာတ်ဆီ အသုံးပြုရခြင်းစသည့် သယ်ယူပို့ဆောင်ရေးကဏ္ဍနိုင်ငံအတွက် စီမံကိန်းများတွင်လည်း အသုံးပြုရသည့် ဒီဇယ်၊ ဓာတ်ဆီ၊ သဘာဝဓာတ်ငွေ့စသည့် ဇီဝရုပ်ကြွင်းလောင်စာများကိုသာ အဓိကထားသုံးနေရပါသည်။ ပြည်သူများထမင်းဟင်းချက်ရာတွင် ထင်းမီးသွေးကို ရာခိုင်နှုန်း အများအပြားအသုံးပြုနေရသဖြင့် သစ်တောများနှစ်စဉ်လျော့ပါးလာပါသည်။ ဤအချက်များပေါ်တွင် စွမ်းအင်ဝန်ကြီးဌာနမှ Energy Security Plan အား မည်ကဲ့သို့ စီမံဆောင်ရွက်ထားပါသနည်းဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးထင်အောင်က ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ ခင်ဗျား။ လက်ရှိနိုင်ငံတော်ရဲ့ ပို့ဆောင်ရေးကဏ္ဍ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍနှင့် အခြား စက်မှုကဏ္ဍတွေအတွက် စက်မောင်းဆီနှင့် သဘာဝဓာတ်ငွေ့ကို စွမ်းအင်ဝန်ကြီးဌာနက ထုတ်လုပ်မှု အပေါ်မူတည်ပြီး ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ လက်ရှိ ပြည်တွင်းထုတ်လုပ် ဖြည့်ဆည်းမှုဟာ တစ်နေ့ကို ရေနံစိမ်းစည် ၂၀၀၀၀ ခန့်နဲ့ သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၂၆၄ သန်းခန့်ရှိပါတယ်။ လက်ရှိ ပြည်တွင်းစွမ်းအင်လိုအပ်ချက်ဟာ တစ်နေ့ကို ရေနံစိမ်းစည် ၆၀၀၀၀ နဲ့ညီမျှတဲ့ စက်သုံးဆီပမာဏ (Barrel of Oil Equivalent –BOE)နဲ့ သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၅၀၀ မှ ၆၀၀ ခန့်အထိ ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ်ကာလအတွက် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့လိုအပ်ချက်များကို ခန့်မှန်းတွက်ချက်ရာမှာ လူမှုစီးပွားစံများ (Socioeconomic Indicators) ဖြစ်တဲ့ GDP တိုးတက်မှုနှုန်း၊ လူဦးရေတိုးတက်မှုနှုန်း၊ စက်မှုကဏ္ဍတိုးတက်မှုအခြေအနေများ၊ လယ်ယာကဏ္ဍတိုးမြှင့်မှု

အခြေအနေများစတဲ့ စံနှုန်းများ (Standards) အပေါ်မှာ အခြေခံပြီး ခန့်မှန်းတွက်ချက်တာဖြစ်တဲ့ အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ရေနံစိမ်းလိုအပ်ချက်ဟာ နှစ်စဉ်တိုးတက်မှု ၇.၃ ရာခိုင်နှုန်းနှင့် သဘာဝဓာတ်ငွေ့လိုအပ်ချက်ဟာ နှစ်စဉ်တိုးတက်မှုနှုန်း ၄.၅ ရာခိုင်နှုန်းရှိမယ်လို့ ခန့်မှန်းတွက်ချက် ရရှိပါတယ်။ စွမ်းအင်လိုအပ်ချက်ဟာ နိုင်ငံတကာတွက်ချက်မှုများအရ GDP ရဲ့ ၁.၅ ဆခန့် သုံးစွဲရ တယ်လို့ လေ့လာသိရှိရပါတယ်။ ဒါကြောင့် ဦးကြည်သာရဲ့မေးခွန်းမှာဖော်ပြထားတဲ့ မိမိတို့နိုင်ငံ အနေနဲ့ ကာလတိုငါးနှစ်အတွင်းမှာပင် စွမ်းအင်သုံးစွဲမှုတိုးတက်လာမယ်ဆိုတာ အမှန်ပင်ဖြစ်ပါတယ်။ အဲ့ဒီလို လိုအပ်ချက်တွေကို အမြန်ဆုံးဖြည့်ဆည်းနိုင်ဖို့အတွက် စွမ်းအင်ဝန်ကြီးဌာနဟာ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၁ ခုနှစ်က ကုန်းတွင်းပိုင်းမှာရှိတဲ့ လစ်လပ်လုပ်ကွက်တွေမှာ နိုင်ငံတကာရေနံကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းပြီး ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ်ချုပ်ဆို ကာ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ဖို့ ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ တင်ဒါ ခေါ်ယူခဲ့ပြီး ယခုအခါ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိတဲ့ကုမ္ပဏီများက ရေနံရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့ကလည်း ကုန်းတွင်းပိုင်း လုပ်ကွက် ၁၈ ကွက်မှာ နိုင်ငံတကာရေနံကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းပြီး ရေနံနှင့် သဘာဝ ဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ဖို့ ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာတင်ဒါခေါ်ယူခဲ့ပြီးလည်း ဖြစ်ပါ တယ်။ မကြာမီကာလမှာ လစ်လပ်နေတဲ့ ကမ်းလွန်လုပ်ကွက်အချို့ကိုလည်း ပထမအကြိမ် အပြည်ပြည် ဆိုင်ရာတင်ဒါခေါ်ယူဖို့ဆောင်ရွက်လျက်ရှိပါတယ်။ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ စက်သုံးဆီဖြန့်ဖြူးဖို့ ကို ၂၀၁၀ ခုနှစ် ဇွန်လမှစပြီးတော့ နိုင်ငံတော်ပိုင်းကဏ္ဍအတွက်ကိုသာ တာဝန်ယူဖြန့်ဖြူးပြီး ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့ ပုဂ္ဂလိကကုမ္ပဏီများကို စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်ပြုခဲ့ပါတယ်။ အရောင်းဆိုင်အသစ်များကိုလည်း ဖွင့်လှစ်ရောင်းချခွင့်ပေးခဲ့ပြီးတော့ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်း ရောင်းချဖြန့်ဖြူးရေးအသင်း MPTA ရဲ့ ကြီးကြပ်မှု၊ ဆောင်ရွက်မှုနဲ့ စက်သုံးဆီ ပိုမိုတင်သွင်းဖြန့်ဖြူး ရောင်းချနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ချက်ပြုတ်ရေးလုပ်ငန်းများမှာ အသုံးပြုနေတဲ့ ထင်းမီးသွေးအစားထိုးနိုင်ဖို့အတွက် ရေနံဓာတ်ငွေ့ရည် LPG တင်သွင်းသိုလှောင်ဖြန့်ဖြူး ရောင်းချတဲ့လုပ်ငန်းများဆောင်ရွက်ဖို့ ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်သစ် သိုလှောင်ကန်အပါအဝင် တည်ဆောက်ဖို့။ ရေနံဓာတ်ငွေ့ရည်စခန်းအသစ်များနှင့် ရေနံဓာတ်ငွေ့ရည်ဆိပ်ကမ်းအသစ်တွေ တည်ဆောက်ဖွင့်လှစ်ဖို့ အဆိုပြုလွှာတွေကို နေ့စဉ်ထုတ်သတင်းစာများမှာ ၃-၂-၂၀၁၃ ရက်နေ့မှာ ထည့်သွင်းကြော်ငြာခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိအချိန်အထိ ပုဂ္ဂလိက ကုမ္ပဏီအဖွဲ့အစည်း ၅ ခုကို

ခွင့်ပြုမိန့်လိုင်စင်များ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်လို့ ပြည်နယ်နှင့်တိုင်းဒေသကြီးမှာ LPG တင်သွင်းဖြန့်ဖြူးတဲ့လုပ်ငန်းများ စနစ်တကျလုပ်ကိုင်လျက်ရှိနေပြီ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့လိုအပ်တဲ့ စက်မောင်းဆီ (Liquid Fuel) ပြည်ပမှတင်သွင်းရမှုလျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထောက်အကူဖြစ်စေတဲ့ အစားထိုးလောင်စာသုံးစွဲရေးနှင့်စပ်လျဉ်း၍ ဓာတ်ဆီနှင့် ဒီဇယ်ဆီသုံး မော်တော်ယာဉ်များကို CNG သုံးမော်တော်ယာဉ်များအဖြစ်ပြောင်းလဲပေးခဲ့ရာမှာ လက်ရှိအခြေအနေမှာ မော်တော်ယာဉ် ၂၇၄၇၂ စီး ပြောင်းလဲအသုံးပြုနေပြီး CNG ဆိုင် ၄၆ ဆိုင် ဖွင့်လှစ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ ပြည်တွင်းအသုံးပြုဖို့အတွက် သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှု အခြေအနေအရ CNG အရောင်းဆိုင်နှင့် CNG သုံးမော်တော်ယာဉ်ထပ်မံခွင့်ပြုနိုင်ခြင်းမရှိသေးပေမယ့် နောက်ထပ် ကုန်းတွင်းသဘာဝဓာတ်ငွေ့မြေအသစ်များ ထပ်မံတွေ့ရှိလာတဲ့အခါမှာ ထုတ်လုပ်နိုင်မယ့် ပမာဏပေါ် မူတည်ပြီး စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စွမ်းအင်ဝန်ကြီးဌာနဟာ နိုင်ငံတော်ရဲ့လိုအပ်တဲ့ ရေနံနှင့်သဘာဝဓာတ်ငွေ့ကို ပြည့်မီအောင်ဖြည့်ဆည်းပေးနိုင်ဖို့အတွက် နည်းလမ်းပေါင်းစုံနဲ့ ရှာဖွေကြိုးပမ်းဆောင်ရွက်လျက်ရှိသလို စွမ်းအင်ခြိုးခြံချွေတာရေးနှင့် စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေးကိုလည်း အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပြန်ပြည့်မြဲ စွမ်းအင်များဖြစ်တဲ့ လေအား၊ ရေအား၊ နေရောင်ခြည်အား၊ ဘူမိအပူစွမ်းအားစတာတွေကိုလည်း ပိုမိုကျယ်ပြန့်စွာအသုံးပြုနိုင်ရန် လိုအပ်လျက်ရှိပါတယ်။ ဒါ့အပြင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးက မိမိတို့ဒေသအတွင်းရရှိနိုင်မယ့် စွမ်းအင်အရင်းအမြစ်တွေကို အခြေခံကာ ဒေသတွင်းစွမ်းအင်ဖူလုံစေရေးအတွက် နည်းလမ်းများရှာဖွေဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ထင်းသုံးစွဲမှု ၇၀ ရာခိုင်နှုန်းကျော်ဟာ သဘာဝတောများက ထုတ်ယူသုံးစွဲတာဖြစ်ပြီး ထင်းမီးသွေးထုတ်လုပ်မှုပမာဏကို လေ့လာပါက လူဦးရေတိုးပွားလာမှုကြောင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုပြီးထုတ်လုပ်သုံးစွဲမှုများပြားလာကြောင်း တွေ့ရှိရပါတယ်။ ပြည်သူများ ထမင်းဟင်းချက်ရာမှာ ထင်းမီးသွေးကို ရာခိုင်နှုန်းအများအပြား အသုံးပြုလျက်ရှိနေပြီး သစ်တောများနှစ်စဉ်လျော့ပါးလာမှုအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက သစ်တောပြုန်းတီးမှုများလျော့ပါးလာစေဖို့နှင့် အစားထိုးစိုက်ပျိုးဖို့ စီမံဆောင်ရွက်ထားမှု အခြေအနေတွေကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနဟာ ထင်းအလွန်အကျွံခုတ်ယူသုံးစွဲမှုများကြောင့် သစ်တောများပြုန်းတီးမှု မဖြစ်စေရေးအတွက် ကြိုးပမ်းနေတဲ့အပြင် သစ်တောပြုန်းတီးမှုများလျော့ပါးလာစေဖို့နဲ့ အစားထိုးစိုက်ပျိုးနိုင်ဖို့ စီမံဆောင်ရွက်လျက်လည်းရှိပါတယ်။ ၂၀၀၁-၂၀၀၂ မှ

၂၀၃၀-၂၀၃၁ ခုနှစ်ကာလအတွင်း အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်းမှာ ထင်းလောင်စာ စွမ်းအင်နဲ့ ပတ်သက်တဲ့ သီးခြားအခန်းတစ်ခု ပါဝင်ရေးဆွဲထားပြီး ထင်းမီးသွေးသုံးစွဲမှုကို ၂၀၂၀ ခုနှစ်မှာ ၅၈ ရာခိုင်နှုန်းနဲ့ ၂၀၃၀ ခုနှစ်မှာ ၄၆ ရာခိုင်နှုန်းအထိ လျှော့ချသွားဖို့ ရည်မှန်းဆောင်ရွက် လျက်ရှိပါတယ်။ မြန်မာနိုင်ငံထင်းမီးသွေးထုတ်လုပ်မှုကို အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်း ငါးနှစ်စီမံကိန်းများနှင့် ထိန်းညှိထားပြီးကုန်သွယ်ရေးအတွက် သင့်တင့်တဲ့ ပမာဏကိုသာစိစစ်ခွင့်ပြု ပေးလျက်ရှိပါတယ်။ ကျေးလက်နေပြည်သူလူထုများအတွက်လည်း ကိုယ်ပိုင်သုံးရန်အတွက် ထင်း ထုတ်ယူခွင့်ပြုထားပါတယ်။ သစ်တောဦးစီးဌာနအနေနဲ့ တိုးပွားလာတဲ့ လူဦးရေနှင့်အညီနေ့စဉ် သုံးစွဲနေသော လောင်စာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့နဲ့ သဘာဝသစ်တောများမှ ထုတ်ယူသုံးစွဲ မှုလျှော့နည်းလာစေဖို့အတွက် ကျေးရွာသုံးထင်းစိုက်ခင်းများကို တည်ထောင်ထားရှိပြီး အဲ့ဒီစိုက်ခင်း များအနက်မှ ငါးနှစ်ပြည့်တဲ့ ကျေးရွာသုံးစိုက်ခင်းစုစုပေါင်း ၄၆၃၂၂ ဧကကို ကျေးရွာများသို့ လွှဲပြောင်း ပေးပြီးလည်းဖြစ်ပါတယ်။ ကျေးရွာသုံးထင်းစိုက်ခင်းများက ထွက်ရှိလာတဲ့ ထင်းများကိုလည်း ကျေးလက်နေပြည်သူများသို့ ဝေငှပေးတဲ့လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ထင်း၊ တိုင်၊ မျှောရရှိဖို့အတွက် ပြည်သူလူထုမှ ကိုယ်တိုင်စိုက်ပျိုးပြုစုစီမံအုပ်ချုပ်တဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတွေကိုလည်း တည်ထောင်လျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော ၁၁၇၀၆၄ ဧကကို ကျေးရွာပေါင်း ၇၂၀ ရွာရှိ အသုံးပြုသူများ အဖွဲ့ဝင်ဦးရေ ၂၉၉၈၅ ဦးက စီမံအုပ်ချုပ်အသုံးပြုလျက် ရှိပါတယ်။ ထို့အတူပဲ ကျေးလက်နေပြည်သူတွေရဲ့ ကျေးလက်အိမ်ရာ တည်ထောင်ရေးနဲ့ အခြေခံ လိုအပ်ချက်များ ဖြည့်ဆည်းပေးဖို့အတွက် ၂၀၀၈-၂၀၀၉ ခုနှစ်မှစပြီး တစ်အိမ်ထောင် သစ်မာ ၂၀ ပင် နှင့် တစ်ရွာတစ်ဧက ကျေးရွာပိုင်စိုက်ခင်းများစတင်တည်ထောင် စိုက်ပျိုးခဲ့ရာ ၂၀၁၂-၂၀၁၃ ခုနှစ် အထိ သစ်မာပင်ပေါင်း ၂.၁ သန်းနှင့် စိုက်ခင်းဧကပေါင်း ၁၃၄၆၈ ဧက တည်ထောင်ပြီး ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှစ၍ တစ်ရွာတစ်ဧက ကျေးရွာပိုင်စိုက်ခင်းများက ပင်ကျပ်နုတ်ခြင်း၊ ကိုင်းချိုင်ခြင်းတို့မှ ထင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။

ထို့အတူပဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြေရေးဦးစီးဌာနအနေနဲ့လည်း ၁၉၉၇-၁၉၉၈ ခုနှစ်မှ ယနေ့ကာလအထိ စွမ်းအင်မြင့်မီးဖို ၄၈၁၃၉၇ လုံး ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ထင်းအစားအခြားလောင်စာတောင့် ၉၃ သန်းကျော်ကို ဖြန့်ဝေပေးခဲ့ပါတယ်။ နှစ်စဉ်လောင်စာတောင့် ၂.၄ သန်း ဖြန့်ဖြူးနိုင်ဖို့လည်း စီစဉ်ဆောင်ရွက်လျက်

ရှိပါတယ်။ နှမ်းရိုး၊ ပဲရိုး၊ ဝါဂွမ်းရိုး၊ မြေပဲခွံစတဲ့ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းတန် နှစ်သိန်းကျော်ကိုလည်း ထင်းအစားထိုးလောင်စာအဖြစ် အသုံးပြုခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ကျေးလက်မီးလင်းရေးနှင့် အိမ်သုံးစွမ်းအင်ရရှိနိုင်စေဖို့ ရည်ရွယ်ပြီး ဇီဝဓာတ်ငွေ့စွမ်းအင်ကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက လည်းကောင်း၊ ဇီဝဒြပ်ထုနှင့် ဇီဝလောင်စာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက လည်းကောင်း၊ လေအားနှင့် နေရောင်ခြည်စွမ်းအင်တို့ကို လျှပ်စစ်ဓာတ်အားထုတ်လုပ်တာနှင့် လျှပ်စစ် စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနများနှင့် Independent Power Producer များကလည်း ကောင်း၊ ရုပ်ကြွင်းလောင်စာနေရာမှာ ပြန်ပြည့်မြဲစွမ်းအင်နဲ့ အစားထိုးအသုံးပြုနိုင်ဖို့အတွက် အသီးသီး တာဝန်ယူဆောင်ရွက်နေကြပါတယ်။ ဒါ့အပြင် အားလုံးသိကြတဲ့အတိုင်းပါပဲ ၉-၁-၂၀၁၃ ရက်နေ့မှာ နိုင်ငံတော်စွမ်းအင်ကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးဆောင်တဲ့ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီက စွမ်းအင်ကဏ္ဍအားလုံးနဲ့ အကျုံးဝင်တဲ့ ကိစ္စရပ်တွေကို ကြီးကြပ်ကွပ်ကဲဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ အဲ့ဒီကော်မတီအနေနဲ့ အမျိုးသားစွမ်းအင်မူဝါဒ အမြန်ဆုံးရေးဆွဲနိုင်ဖို့၊ စွမ်းအင် ကဏ္ဍနှင့်လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့နှင့် အပြန်အလှန်အချိတ်အဆက်မိစေဖို့ ဆောင်ရွက်မယ့် အပြင် ကော်မတီရဲ့လုပ်ငန်းတာဝန်တွေမှာ နိုင်ငံတော်ရဲ့ လတ်တလောကြုံတွေ့ရင်ဆိုင်နေရတဲ့ အကြပ်အတည်းသာမက ရေရှည်နှစ်ပေါင်းများစွာ မျိုးဆက်သစ်တွေရဲ့ အနာဂတ်ဘဝကိုပါ လွှမ်းခြုံစေ နိုင်မယ့် အမျိုးသားစွမ်းအင်လုံခြုံရေးမဟာဗျူဟာ (National Ener gy Security Strate gy) တစ်ရပ် ကို ရေးဆွဲအကောင်အထည်ဖော်ဖို့ဆိုတဲ့ အချက်တစ်ချက်ကို ထည့်သွင်းရေးဆွဲထားပြီး အဆင့်လိုက် အကောင်အထည်ဖော်လျက်ရှိပါတယ်။ ယခုအခါ အမျိုးသားစွမ်းအင်မူဝါဒ အမြန်ဆုံးရေးဆွဲနိုင်ရေး စတင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ဒါ့အပြင် ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်ကမေးသွားတဲ့ ရေနံနှင့်သဘာဝဓာတ်ငွေ့ကိစ္စနှင့်ပတ်သက်ပြီး ဓာတ်ဆီ၊ ဒီဇယ်ဟာလည်း ကျွန်တော်တို့ အမျိုးသားစီမံကိန်းထဲမှာထည့်ထားတာကတော့ လက်ရှိအခြေအနေပေါ်မှာ ရရှိနိုင်မယ့် ရေနံနှင့်သဘာဝဓာတ်ငွေ့အခြေအနေပေါ်မှာမူတည်ပြီးတော့ ထုတ်လုပ်နိုင်မယ့် အနေအထားကို ဖော်ပြထားခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှင်းပြတဲ့အထဲမှာလည်း စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ နောက်ထပ်လိုအပ်လာတဲ့ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ဒီဇယ်၊ ဓာတ်ဆီ၊ အခြားရေနံထွက်ပစ္စည်းတွေ ဖြည့်ဆည်းနိုင်ဖို့အတွက်လည်း နိုင်ငံခြားရေနံကုမ္ပဏီတွေနဲ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းတွေ

ကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီကနေထွက်လာလို့ရှိရင်တော့ ထပ်မံဖြည့်ဆည်းနိုင်မယ့် အနေအထား ရှိပါတယ်။ လက်ရှိမှာတော့ ကျွန်တော်တို့ရဲ့ ထုတ်လုပ်နေတဲ့ ကုန်းတွင်းပိုင်းရေနံမြေတွေကလည်း ကျွန်တော်တို့ နှစ်ကြာလာတာနှင့်အမျှ Decline ဖြစ်လာတဲ့အတွက်ထုတ်လုပ်မှုလည်း ကျဆင်းနေပါတယ်။ ကျွန်တော်ခုနကတုန်းကလည်း ရှင်းပြတဲ့အထဲမှာလည်း ပါပါတယ်။ တိုင်းပြည်ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်တာ အပြည့်အဝဖြည့်ဆည်းနိုင်ခြင်းမရှိသေးပါဘူး။ Decline ကောက် အရဆိုရင် ကျသွားနိုင်မယ့်အနေအထားဖြစ်တဲ့အတွက် အဲ့ဒါကို ပြန်လည်ကာမိစေဖို့အတွက် အခု နိုင်ငံခြားရေနံကုမ္ပဏီတွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီးတော့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ခုကလည်း ဦးကြည်သာကပြောတယ် စွမ်းအင်ဝန်ကြီးဌာနက ဒုတိယဝန်ကြီးလာဖြေတဲ့အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကိုပဲ မေးမယ်လို့ သူကပြောသွားပါတယ်။ ကျွန်တော်တို့ စွမ်းအင်ဝန်ကြီးဌာနဟာ မြန်မာနိုင်ငံ နိုင်ငံတကာရေနံနှင့်ပတ်သက်လို့ စွမ်းအင်နှင့် ပတ်သက်ပြီးတော့ ပူးပေါင်းဆောင်ရွက်နေတဲ့ Focal Point တစ်ခုလည်း ဖြစ်ပါတယ်။ နောက်တစ်ခါ မကြာခင်ကဖွဲ့စည်းခဲ့တဲ့ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီမှာလည်း ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီးတော့ ကျွန်တော်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်လျက်ရှိတဲ့အတွက် Ener gy Security နှင့်ပတ်သက်ပြီးတော့လည်း အလေးထားပြီးတော့ နိုင်ငံတော်အတွက် လိုအပ်တဲ့ကိစ္စရပ်ဖြစ်တဲ့အတွက် ဆောင်ရွက်နေတာဖြစ်ကြောင်းကို ဖြေကြားခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မူလ မေးစဉ်က ထင်းလောင်စာဆီကိစ္စလည်းထည့်မေးပါတယ်။ ဒီနေ့ မပြောရခြင်းကတော့ မနေ့က အမျိုးသားလွှတ်တော်မှာ ဦးမျိုးမြင့်က ထင်းလောင်စာအစား ရေနံဆီသုံးစွဲဖို့ကိစ္စကို အဆိုတင်သွင်းပြီးတော့ အကျေအလည်ဆွေးနွေးသွားပြီးတဲ့အတွက်ကြောင့် ကျွန်တော်မူလထည့်သွင်းရေးထားတဲ့ ထင်းလောင်စာအကြောင်းမဆွေးနွေးခြင်းဖြစ်ပါတယ်။ တစ်ဆက်တစ်စပ်တည်း စွမ်းအင်ဝန်ကြီးဌာနက အမျိုးသားစွမ်းအင်ကော်မတီမှာ Focal Point အနေနဲ့ ဆောင်ရွက်တဲ့အတွက်ကြောင့် တစ်ဆက်တည်း မေးခွန်းတစ်ခုမေးချင်ပါတယ်။ အဲ့ဒါဘာလဲဆိုတော့ တချို့တိုင်းပြည် အထူးသဖြင့် အိန္ဒိယမှာ ကိုယ်ပိုင်ကားတွေသုံးတဲ့ ဓာတ်ဆီက ဈေးကြီးပါတယ်။ အများပြည်သူတွေသုံးတဲ့ ကုန်ကားတို့၊ သင်္ဘောတို့၊ မီးရထားတို့သုံးတဲ့ဒီဇယ်ဆီကို အစိုးရက Subsidiary လုပ်ပြီးတော့ ဈေးလျှော့ပါတယ်။ အဲ့ဒီလိုလုပ်တဲ့ ရည်ရွယ်ချက်က ကုန်စည်ပို့ဆောင်မှုဈေးကျအောင်ဖြစ်ပါတယ်။ အဲ့တော့ ကော်မတီမှာ

အတွင်းရေးမှူးဖြစ်တဲ့ ဒုတိယဝန်ကြီးကို ကြုံလို့မေးချင်တာက မြန်မာနိုင်ငံမှာကော ဒီလိုကုန်စျေးနှုန်း သယ်ယူပို့ဆောင်ရေးကျဆင်းအောင် ဒီဇယ်ကို အများပြည်သူနဲ့ပတ်သက်တဲ့လုပ်ငန်းတွေ သုံးတဲ့ အတွက်ကြောင့် Government Subsidiary လုပ်မယ့်အစီအစဉ်ရှိပါသလားဆိုတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်မံမေးခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ လောလောဆယ် သွားနေတဲ့ **ထရိန်း** ကတော့ အရင်ကတည်းက ဒီမိုကရေစီနိုင်ငံတော်ဖြစ်လာတဲ့အချိန်ကျလို့ရှိရင် အားလုံးက Public Private Partnership အနေနဲ့ ပြည်သူတွေအပိုင်းကလည်း သူ့အပိုင်းနဲ့သူ ၂၀၄၀ Entrepreneur တွေကတာဝန်ယူတဲ့ အပိုင်းအနေနဲ့ ၂၀၁၀ ခုနှစ် ဇူလိုင်လကနေစပြီးတော့ နိုင်ငံတော်ရဲ့ အစီအမံနဲ့ စွမ်းအင်ဝန်ကြီးဌာနအောက်မှာရှိတဲ့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရဲ့ ဆိုင်ပေါင်း ၂၆၁ ဆိုင်ကို ပုဂ္ဂလိကကို လွှဲပြောင်းပေးခဲ့ရပါတယ်။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရဲ့ အစီအစဉ်နဲ့ ပြည်ထောင်စုအစိုးရကို မြန်မာနိုင်ငံပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူဆုံးဖြတ်ချက်နဲ့ လွှဲပြောင်းပေးခဲ့ရခြင်း ဖြစ်ပါတယ်။ အဲ့ဒါက ဘာလဲဆိုရင် ကျွန်တော်တို့က အရင်တုန်းကတော့ စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံတော်အပိုင်းရော၊ ပုဂ္ဂလိကအပိုင်းရော ပြည်ပကနေတင်သွင်းတယ်၊ ပြည်တွင်းကနေထုတ်လုပ်တယ်။ ဖြန့်ဖြူးရောင်းချပေးပါတယ်။ ရောင်းချပေးတဲ့အခါမှာလည်း အရင်တုန်းကတော့ Subsidize Price နဲ့ ရောင်းချခဲ့ပါတယ်။ ရောင်းချတဲ့အခါမှာလည်း နိုင်ငံတော်က အရှုံးတော်တော်ခံခဲ့ရပါတယ်။ အရှုံးခံလာရတဲ့အလျှောက် တဖြည်းဖြည်းနဲ့ ဒီမိုကရေစီဖြစ်လာလို့ ရှိရင်တော့ ပြည်သူတွေ လွတ်လွတ်လပ်လပ်နဲ့လုပ်ကိုင်နိုင်မယ့် ရည်ရွယ်ချက်နဲ့ တဖြည်းဖြည်းနဲ့ ဆိုင်ပေါင်း ၂၆၁ ဆိုင်ကို ပုဂ္ဂလိကကို လွှဲပြောင်းပေးခဲ့ပြီးတော့ ဒီပုဂ္ဂလိကကို လွတ်လွတ်လပ်လပ်နဲ့ တင်သွင်းဖြန့်ဖြူးရောင်းချစေခဲ့ပါတယ်။ အဲ့ဒီအခါမှာလည်း စျေးနှုန်းကို ပထမပိုင်းမှာတော့ ထိန်းကျောင်း ပေးခဲ့ပြီးတော့ တဖြည်းဖြည်းနဲ့ Market စျေးနှုန်းတဖြည်းဖြည်းနဲ့ သူတို့ဟာသူတို့ ပြောင်းလဲပြီးတော့ ရောင်းချလာခြင်းဖြစ်ပါတယ်။ ဦးကြည်သာ ပြောတဲ့မေးခွန်းလည်းကောင်းပါတယ်။ နိုင်ငံတကာမှာ တချို့အိန္ဒိယတို့ဘာတို့ဆိုတာ ဒီမိုကရေစီနိုင်ငံဆိုပေမယ့်လည်း အချို့အပိုင်းတွေမှာ Subsidize လုပ်တဲ့ဟာလေးတွေ ရှိတယ်ဆိုတာလည်း သိပါတယ်။ ဒါကတော့ စွမ်းအင်စီမံခန့်ခွဲမှု ကော်မတီအနေနဲ့ နောင်ကျလို့ရှိရင် Pricing Mechanism တွေလုပ်လာတဲ့အခါကျလို့ရှိရင် ဘယ်လိုလုပ်ရမလဲဆိုတဲ့အပိုင်းကို ထည့်စဉ်းစားပြီးတော့ လိုအပ်ရင်လိုအပ်သလို ဆောင်ရွက်ပါမယ်။ အကယ်၍ Market Economic System အနေနဲ့ပဲ ဆက်သွားမယ်ဆိုရင်လည်း Market Economic

System အရ လွတ်လပ်တဲ့ယှဉ်ပြိုင်တဲ့ဈေးနှုန်းနဲ့ ရောင်းချမယ့်အနေအထားဖြစ်နိုင်ပါတယ်။ ဒါကတော့ Pricing Mechanism ဆွဲတဲ့အချိန်ကျလို့ရှိရင်တော့ ထည့်သွင်းစဉ်းစားမယ်ဆိုတဲ့ အကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ကြိဘာသံများ)

**တစ်နိုင်ငံလုံးတွင် စိုက်ပျိုးလျက်ရှိသည့် သီးနှံများအလိုက် အထွက်နှုန်းတိုးတက်ရန် နိုင်ငံပိုင် ယူရီးယား ဓာတ်မြေဩဇာစက်ရုံများမှ မည်သည့်အချိန်တွင် မည်ကဲ့သို့ ထုတ်လုပ်ပေးနိုင်မည်ကို သိလိုသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ နိုင်ငံပိုင်ယူရီးယားဓာတ်မြေဩဇာစက်ရုံတွေကနေ ထုတ်လုပ်မှုနှင့်ပတ်သက်ပြီးတော့မှ သိချင်လို့ မေးမြန်းရခြင်းဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာ စိုက်ပျိုးနေတဲ့ သီးနှံတွေအလိုက် နှစ်စဉ်မိမိတို့နိုင်ငံမှာ ဖူလုံဖို့အတွက် အထွက်တိုးဖို့ လိုအပ်တဲ့ ယူရီးယားဓာတ်မြေဩဇာဟာ တန်ချိန် ၂.၁၉ သန်းခန့်ရှိတယ်လို့ စိုက်ပျိုးရေးပညာရှင်တွေက တွက်ချက်ထားတာတွေ့ရှိရပါတယ်။ မိမိတို့နိုင်ငံမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံပိုင် ဓာတ်မြေဩဇာစက်ရုံ ၅ ရုံကနေပြီးတော့မှ ထုတ်လုပ်ခဲ့တာဟာ ယူရီးယားဓာတ်မြေဩဇာ တန်ချိန် ၀.၁၆ သန်းပဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ တစ်နိုင်ငံလုံးလိုအပ်ချက်နှင့် နှိုင်းယှဉ်လို့ရှိရင် နှစ်စဉ် တန်ချိန် ၂ သန်းခန့် တိုးတက်ထုတ်လုပ်ဖို့ လိုအပ်နေတာကို တွေ့ရှိရပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ပြည်ပကတင်သွင်းတာ ယူရီးယားဓာတ်မြေဩဇာ တန်ချိန် ၀.၈ သန်းခန့်ရှိတယ်လို့ သိရှိရပါတယ်။ တောင်သူလယ်သမားတွေအနေနဲ့ ပြည်ပကတင်သွင်းတဲ့ ယူရီးယားဓာတ်မြေဩဇာထက်စာလို့ရှိရင် မိမိနိုင်ငံကထုတ်လုပ်တဲ့ ဓာတ်မြေဩဇာကို ပိုပြီးတော့မှ နှစ်ခြိုက်ကြပါတယ်။ အရည်အသွေး အရလည်း သိသာထင်ရှားပါတယ်။ ဒါကြောင့်မို့လို့ နှစ်စဉ်လိုအပ်နေတဲ့ ယူရီးယားဓာတ်မြေဩဇာ တန်ချိန် ၂ သန်းခန့်ကို မိမိတို့နိုင်ငံပိုင် ဓာတ်မြေဩဇာစက်ရုံ ၅ ရုံကနေပြီးတော့မှ ဘယ်အချိန်မှာ ပြည်တွင်းဖူလုံမှုရှိအောင် ပြည့်ပြည့်ဝဝ ထုတ်လုပ်ပေးနိုင်မလဲဆိုတာ သိလိုကြောင်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ (ကြိဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဦးစွာပထမ လေးစားစွာ ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့ သီးနှံအထွက်နှုန်းတိုးတက်ရန် ထပ်မံလိုအပ်နေသော ယူရီးယား တန်ချိန် ၁ သန်းခန့်ကို နိုင်ငံပိုင်ယူရီးယားဓာတ်မြေသြဇာစက်ရုံများမှ မည်သည့်အချိန်တွင် မည်ကဲ့သို့ ထုတ်လုပ်ပေးနိုင်မည်ကို သိရှိလိုကြောင်း မေးခွန်းနဲ့ပတ်သက်ပြီးတော့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော်ဦးထင်အောင်က ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ အောက်ပါအတိုင်း ရှင်းလင်းတင်ပြလိုပါတယ်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုလုပ်ငန်းကြီးကြပ်မှုအောက်မှာရှိတဲ့ ဓာတ်မြေသြဇာစက်ရုံ ၅ ရုံရှိတဲ့အနက်သဘာဝဓာတ်ငွေ့ ခွဲဝေသုံးစွဲမှုအစီအစဉ်အရ လက်ရှိအခြေအနေမှာ အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ (စလေ)၊ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)နဲ့ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်) တို့ ၃ ရုံကိုသာ လည်ပတ်လျက်ရှိပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ ယူရီးယားဓာတ်မြေသြဇာ ၁၆၅၈၀၉.၁၀ တန်နဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ၁၃-၂-၂၀၁၃ ရက်နေ့ထိ ယူရီးယားဓာတ်မြေသြဇာ ၁၇၈၆၃၀.၂၀ တန်ကို ထုတ်လုပ်ဖြန့်ဖြူးပေးခဲ့ပါတယ်။ စွမ်းအင်ဝန်ကြီးဌာန အနေနဲ့ ပြည်တွင်းသုံးစွဲဖို့အတွက် နေ့စဉ်ကုန်းတွင်းသဘာဝဓာတ်ငွေ့ ကုဗပေ ၆၄ သန်းနဲ့ ကမ်းလွန် သဘာဝဓာတ်ငွေ့ ကုဗပေ ၂၀၀ သန်း စုစုပေါင်း ၂၆၄ သန်းခန့်ကိုလျှပ်စစ်ကဏ္ဍအတွက် ၆၁ ရာခိုင်နှုန်း၊ ဘိလပ်မြေစက်ရုံများအတွက် ၁၇ ရာခိုင်နှုန်း၊ ဓာတ်မြေသြဇာစက်ရုံအတွက် ၉.၅ ရာခိုင်နှုန်း၊ ရေနံချက်စက်ရုံအတွက် ၃ ရာခိုင်နှုန်း၊ စီအမ်ဂျီ မော်တော်ယာဉ်များအတွက် ၇.၅ ရာခိုင်နှုန်း၊ အခြားကုန်ထုတ်လုပ်ငန်းများအတွက် ၂ ရာခိုင်နှုန်း ခွဲဝေသုံးစွဲလျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာ ယူရီးယားဓာတ်မြေသြဇာထုတ်လုပ်ဖို့အတွက် ကုန်းတွင်းသဘာဝဓာတ်ငွေ့ကုဗပေ ၁၀၀၀ ကို ၂၀၀ ကျပ်နှုန်းနဲ့ ဝယ်ယူထုတ်လုပ်နေတာဖြစ်လို့ ယူရီးယားဓာတ်မြေသြဇာတစ်တန်ကို ကျပ် ၂၈၈၀၀၀၊ တစ်အိတ်ကို ကျပ် ၁၄၄၀၀ နှုန်းနဲ့ ဖြန့်ဖြူးနိုင်တာဖြစ်ပါတယ်။ ကုန်းတွင်းသဘာဝ

ဓာတ်ငွေ့အစား ကမ်းလွန်သဘာဝဓာတ်ငွေ့အသုံးပြုပြီး ယူရီးယားဓာတ်မြေသြဇာ ထုတ်လုပ်မယ်ဆိုရင် ကမ်းလွန်သဘာဝဓာတ်ငွေ့ ကုဗပေ ၁၀၀၀ ကို US$ ၁၂.၅၅ ဖြစ်တဲ့အတွက် ယူရီးယားဓာတ်မြေသြဇာတစ်တန်ကို ကျပ် ၄၇၀၀၀၀ ကျသင့်မှာဖြစ်လို့ စီးပွားရေးတွက်ခြေကိုက်မှု မရှိနိုင်တာကို သုံးသပ်ရရှိပါတယ်။ ယခုလက်ရှိအခြေအနေမှာ ဓာတ်မြေသြဇာကို ကိုယ်တိုင်ထုတ်လုပ် သုံးစွဲမယ့်အစား တည်ဆောက်ပြီး ယူရီးယားဓာတ်မြေသြဇာစက်ရုံတွေကို သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားရနိုင်သမျှနဲ့ ထုတ်လုပ်စေပြီးတော့ ထပ်မံလိုအပ်တဲ့ ဓာတ်မြေသြဇာများကို ပြည်ပကမှာယူတင်သွင်းတာဟာ အကောင်းဆုံးနည်းလမ်းဖြစ်ပြီး မိမိတို့လက်ဝယ်ရှိ သဘာဝဓာတ်ငွေ့ကို လျှပ်စစ်ကဏ္ဍနှင့် ကုန်ထုတ်လုပ်ငန်းများမှာ အပြည့်အဝအသုံးချတာဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအကျိုးရှိမှာဖြစ်တယ်လို့ သုံးသပ်ရရှိပါတယ်။

၁၈-၁-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး (၁/၂၀၁၃)မှာ ကော်မတီဥက္ကဋ္ဌဖြစ်တဲ့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံးနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံမှာ ယူရီးယားဓာတ်မြေသြဇာစက်ရုံ တစ်ရုံမှမရှိဘဲ ဓာတ်မြေသြဇာများကို ပြည်ပမှ ဝယ်ယူတင်သွင်းသုံးစွဲနေတာကို လေ့လာသိရှိရတဲ့အတွက် မိမိတို့နိုင်ငံက အမျိုးအစားကောင်းမွန်ပြီး ဈေးကောင်းရတဲ့ သဘာဝဓာတ်ငွေ့ကို အခြားအကျိုးဖြစ်ထွန်းမယ့်နေရာတွေမှာ သုံးစွဲရေးမူဝါဒချမှတ်ဖို့ စဉ်းစားသုံးသပ်သင့်ပြီလို့ ဆွေးနွေးခဲ့ပါတယ်။ အလားတူ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ အတွင်းရေးမှူးကလည်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တင်ပြသွားသလို စိုက်ပျိုးရေးကဏ္ဍရဲ့ ယူရီးယားဓာတ်မြေသြဇာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ ထုတ်လုပ်မှုလျာထားချက်ရေးဆွဲပြီး လျာထားချက်နဲ့အညီ ထုတ်လုပ်နိုင်ဖို့အတွက် သဘာဝဓာတ်ငွေ့နဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ညှိနှိုင်းစီမံခန့်ခွဲဖြည့်ဆည်းပေးရန်ဆိုတဲ့ အချက်နှင့်ပတ်သက်ပြီးတော့ ခေတ်အဆက်ဆက်က မိမိခြေထောက်ပေါ်မိမိရပ်မယ်ဆိုတဲ့မူကို ပြန်လည်စဉ်းစားသုံးသပ်ရန် လိုအပ်တဲ့အကြောင်း ကမ္ဘာမှာ ဆန်စပါးအများဆုံးစိုက်ပျိုးတင်ပို့နေတဲ့ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှာလည်း ဓာတ်မြေသြဇာစက်ရုံများ မရှိတဲ့အကြောင်း၊ လိုအပ်တဲ့ဓာတ်မြေသြဇာကို ပြည်ပက တင်သွင်းဝယ်ယူတဲ့အကြောင်း၊ မြောင်းတကာနဲ့ ပုသိမ်ဓာတ်မြေသြဇာစက်ရုံ ၂ ရုံကို ၎င်းမှ ဌာနတွင် တာဝန်ထမ်းဆောင်စဉ်က ဆောက်လုပ်ခဲ့တဲ့အကြောင်း၊ လွန်စွာစရိတ်မြင့်မားပြီး ဓာတ်မြေသြဇာစက်ရုံဖြစ်တဲ့အားလျော်စွာ စွန့်ပစ်ပစ္စည်းတွေကလည်း သဘာဝပတ်ဝန်းကျင်ထိခိုက်စေတဲ့အကြောင်းတွေကို ထည့်သွင်း

စဉ်းစားရမှာဖြစ်တဲ့အကြောင်း၊ ဓာတ်မြေသြဇာအတွက် သဘာဝဓာတ်ငွေ့နဲ့ လျှပ်စစ်ဓာတ်အားကို မသုံးစွဲသင့်တဲ့အကြောင်း ရိုးသားစွာတင်ပြဆွေးနွေးခဲ့ပါတယ်။

ဒီလိုပဲ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ဧက အလိုက် အထွက်တိုးစေရေးအတွက် ဓာတ်မြေသြဇာထုတ်လုပ်ဖို့ လွှတ်တော်အစည်းအဝေးတွေမှာ တင်ပြခဲ့ပေမယ့်လည်း စပါးအထွက်တိုးစေဖို့အတွက် သုံးစွဲရမယ့် ဓာတ်မြေသြဇာကို မိမိတို့နိုင်ငံမှာ ထုတ်လုပ်မယ့်အစား ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့လိုပဲ ပြည်ပကတင်သွင်းဖို့ အကြံပြုလိုတဲ့ အကြောင်း၊ အင်ဒိုနီးရှားနိုင်ငံနှင့် အရှေ့အလယ်ပိုင်းဒေသတို့မှာ ထုတ်လုပ်တဲ့ သဘာဝဓာတ်ငွေ့ကို မီးရှို့ပစ်မယ့်အစား ဈေးပေါပေါနဲ့ ဓာတ်မြေသြဇာထုတ်လုပ်တဲ့အကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိ တဲ့သဘာဝဓာတ်ငွေ့ဟာ ဈေးကောင်းရပြီး အမျိုးအစားကောင်းမွန်တဲ့အကြောင်း၊ ဒါကြောင့် ၎င်း သဘာဝဓာတ်ငွေ့ကို အခြားအကျိုးဖြစ်ထွန်းမယ့်နေရာတွေမှာ သုံးစွဲသင့်တဲ့အကြောင်း။ ဒါကြောင့် ယခု အစည်းအဝေးကလည်း ဆုံးဖြတ်လို့ရှိရင် နိုင်ငံတော် ဒုတိယသမ္မတကလည်း သဘောတူမည်ဆိုရင် မိမိတို့နိုင်ငံရဲ့ ဓာတ်မြေသြဇာလိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ ရှိပြီးဖြစ်တဲ့ နိုင်ငံပိုင်စက်ရုံတွေကို အရည်အသွေးမြှင့်တင်လျက် ထုတ်လုပ်စေပြီး၊ ထပ်မံလိုအပ်မယ့် ဓာတ်မြေသြဇာပမာဏကို ပြည်ပက တင်သွင်းဖို့ စိုက်ပျိုးရေးအထူးပြု ကုမ္ပဏီများကဖြစ်စေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကဖြစ်စေ ဆောင်ရွက်သင့်ပါတယ်လို့ အကြံပြုဆွေးနွေးခဲ့ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်တော်ကြီး အဆိုပြုတင်ပြတဲ့ ဓာတ်မြေသြဇာတန်ချိန် တစ်နှစ် တစ်သန်းထုတ်လုပ်ဖို့အတွက် တစ်ရက်ကို ဓာတ်မြေသြဇာ၂၇၅၀ တန်ခန့် ထုတ်လုပ်ရမှာဖြစ်ပါတယ်။ ဒီလို ဓာတ်မြေသြဇာ ထုတ်လုပ်နိုင်ဖို့အတွက် သဘာဝဓာတ်ငွေ့ တစ်ရက်ကို ကုဗပေ ၅၅ သန်းခန့်နှင့် ဝန်အားပြည့် လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ရရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။ ယခု လတ်တလော အခြေအနေမှာ မကြာမီကျင်းပမယ့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအကြိုကာလနဲ့ ဖြေဆိုချိန်အတွင်း ဓာတ်အားပိုမိုထုတ်လုပ်နိုင်ဖို့ ကုန်းတွင်းသဘာဝဓာတ်ငွေ့ ကုဗပေ ၁၈ သန်းနဲ့ ကမ်းလွန်သဘာဝ ဓာတ်ငွေ့ ကုဗပေ ၃၀ သန်းခန့် ဖြည့်ဆည်းပံ့ပိုးပေးဖို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ညှိနှိုင်းပါတယ်။ ဒါ့အပြင် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲများကို ၁၃-၃-၂၀၁၃ ရက်နေ့မှ ၂၂-၃-၂၀၁၃ ရက်နေ့အထိ ကျင်းပပြုလုပ်မှာဖြစ်တဲ့အတွက် ကျောင်းသားကျောင်းသူများ စာမေးပွဲဖြေဆိုဖို့ အချိန် အနီးကပ်ပြင်ဆင်နေချိန်နှင့် စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်းမှာ ဓာတ်အားမပြတ်တောက်ဖို့ အတွက် ၁-၃-၂၀၁၃ ရက်နေ့ကနေ ၂၂-၃-၂၀၁၃ ရက်နေ့အထိ ညနေ ၅ နာရီက နံနက် ၅ နာရီအထိ

နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများရဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းကို ရပ်တန့်ပေးဖို့ ၁၉-၂-၂၀၁၃ ရက်စွဲပါစာဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ထပ်မံညှိနှိုင်းလာပါတယ်။

အဲဒါကြောင့် အထက်တွင်ဖော်ပြခဲ့တဲ့ သုံးသပ်ချက်၊ အကြံပြုချက်အခြေအနေအရ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ သီးနှံများအထွက်နှုန်းတိုးတက်စေဖို့ လိုအပ်နေတဲ့ ယူရီးယားဓာတ်မြေဩဇာ တန်ချိန် တစ်သန်းခန့်ကို နိုင်ငံပိုင်ယူရီးယားဓာတ်မြေဩဇာစက်ရုံတွေက ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မယ့် အခြေအနေ လတ်တလောမရှိသေးပါကြောင်းနဲ့ သဘာဝဓာတ်ငွေ့များ ထပ်မံရှာဖွေတွေ့ရှိလာပါကလည်း နိုင်ငံတော်အတွက် အကျိုးအရှိဆုံး သုံးစွဲမှုဖြစ်ဖို့ကိုသာ ရွေးရှုသုံးသပ်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ (ဩဘာသံများ)

**ဖာပွန်မြို့နှင့် အနောက်ဘက်ကမ်းကျေးရွာများကို ဆက်သွယ်ထားသော ယွန်းစလင်းချောင်းကူး ဘေလီတံတား အမြန်ဆုံး ပြန်လည်ပြုပြင်ပေးနိုင်ပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း။**

**ဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းသန်းနိုင်( ဖာပွန်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံခညောင်းပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယွန်းစလင်းချောင်းဟာ ဖာပွန်မြို့ရဲ့ အနောက်ဘက်မှာ ကပ်ပြီးတော့ မြောက်ကနေတောင်ကို စီးဆင်းနေတဲ့ ချောင်းတစ်ချောင်းဖြစ်ပါတယ်။ အဲ့ဒီချောင်းက နွေကာလမှာ ရေနည်းပေမယ့် မိုးကာလဆို တောင်ကျချောင်းရေတွေကြောင့် အလွန်ရေစီးသန်တဲ့ ချောင်းတစ်ချောင်းဖြစ်ပါတယ်။ အဲ့ဒီချောင်းကိုဖြတ်ပြီးတော့ ဖာပွန်မြို့နယ်ရဲ့ အရှေ့ခြမ်းနဲ့အနောက်ခြမ်းကို ဆက်သွယ်သွားနိုင်ဖို့ရာ တံတား နှစ်စင်းတည်ဆောက်ထားပါတယ်။ အဲ့ဒီတံတား နှစ်စင်းကတော့ ဖာပွန်မြို့နဲ့ အနောက်ဘက်ကမ်းရွာကို ဆက်သွယ်ထားတဲ့တံတားတစ်စင်းနဲ့ ဖာပွန်မြို့နဲ့ ၉ မိုင်အကွာ ဖာပွန်-ကမမောင်း လမ်းပေါ်မှာရှိတဲ့ ကူးဆိပ်ရွာမှာတည်ထားတဲ့ ကူးဆိပ်တံတားဖြစ်ပါတယ်။ အဲ့ဒီတံတားတွေဟာ တစ်လွှာတစ်ထပ်ဘေလီတံတားအမျိုးအစားတွေဖြစ်ပြီးတော့ သစ်သားကြမ်းခင်း ဘီးလမ်းက

လည်း သစ်သားပဲဖြစ်ပါတယ်။ ပေက ၄၉၀ ရှိပါတယ်။ ၁၉၉၉ ခုနှစ် မိုးတွင်းကာလမှာ ချောင်းရေတိုက်စားမှုကြောင့် တံတား နှစ်စင်းစလုံး ပြိုကျပျက်စီးပြီးတော့ မျောပါသွားကြပါတယ်။ အဲ့ဒီ ၁၉၉၉ ခု မိုးအကုန်မှာတော့ အဲ့ဒီတံတား နှစ်စင်းကသံထည်တွေကို ပြန်လည်ဆယ်ယူပြီးတော့ရလာတဲ့ ဆယ်တင်ပစ္စည်းတွေနဲ့ ဖာပွန်အနောက်ဘက်ကမ်း ဆက်သွယ်ထားတဲ့တံတားကို ပြန်လည်တည်ဆောက်ပေးခဲ့ရာမှာ ၂၀၀၀ ပြည့်နှစ်မှာ ပြီးစီးခဲ့ပါတယ်။ တံတားစတင်တည်ဆောက်စဉ်ကတည်းက အောက်ခံသံဆင့် ၅ ချောင်း တပ်ဆင်အသုံးပြုရမှာဖြစ်ပေမယ့်လည်း သံဆင့်အနေနဲ့ ၂ ချောင်းသာတပ်ဆင်နိုင်ခဲ့ပြီးတော့ ကျန်သံဆင့် ၃ ချောင်းနေရာမှာသစ်သားတွေနဲ့ အစားထိုးတပ်ဆင်တည်ဆောက်ခဲ့ကြရပါတယ်။ အခုအခါမှာသစ်သားဆင့်တွေဟာလည်း ဆွေးမြည့်နေပြီဖြစ်တဲ့အပြင် သံဆင့် ၂ ချောင်းဟာလည်း ဆွေးမြည့်အားပျော့နေကြပြီဖြစ်ပါတယ်။ ရေလယ်မှာ သစ်လုံးတိုင်စင် ၅ စင် ရှိပါတယ်။ အဲ့ဒီတိုင်စင်တွေဟာလည်း နှစ်ကာလရှည်ကြာလာတာနဲ့အမျှ ဆွေးမြည့်နေကြပြီး အောက်ခြေပိုင်းတွေပျက်ပြီးတော့ အခြေအနေအတော် ဆိုးရွားနေတဲ့ အနေအထား ဖြစ်နေပါတယ်။အဲ့ဒီတိုင်စင်တွေကို အကာအကွယ်ပေးဖို့တည်ဆောက်ထားတဲ့ တံတားသဘော်ဦးရဲ့ သစ်သားထည်တွေဟာလည်း အရင်နှစ်က ရေတိုက်စားထားပြီးတော့ ပျက်စီးမျောပါသွားကြပြီဖြစ်ပါတယ်။ တံတားရဲ့လက်ရှိအခြေအနေကတော့ တံတားဘေးဘောင်တွေက လွဲပြီးတော့ကျန်တဲ့ အစိတ်အပိုင်းအားလုံး အားလျော့ပျက်စီးနေကြပြီဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ နွားလှည်းတစ်စီး ဖြတ်သန်းသွားလာမောင်းနှင်ရင်တောင်မှလည်း လှုပ်ခါရမ်းနေတဲ့ အနေအထားမျိုး ရောက်ရှိနေပါတယ်။ မကြာသေးတဲ့ကာလ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့က ကရင်ပြည်နယ်ဝန်ကြီးချုပ်နဲ့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ ဖာပွန်ရောက်ရှိစဉ်ကာလမှာ မြို့နယ်တာဝန်ရှိ ပုဂ္ဂိုလ်များနဲ့ ကျွန်တော်အပါအဝင် လူပေါင်းနှစ်ဆယ်ကျော် အစိတ်လောက် တံတားအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကြည့်တဲ့အခါမှာ တံတားရဲ့ အလယ်လောက်အရောက်မှာပဲ တံတားက လှုပ်ရမ်းလာတဲ့အတွက်ကြောင့် တချို့ကပြန်လှည့်ပြေးမလိုတောင် ဖြစ်ခဲ့ပါတယ်။ ရာဇအိန္ဒြေပျက်တယ်ဆိုတာ ဒါမျိုးကိုခေါ်မယ်ထင်ပါတယ်။ ရာဇအိန္ဒြေပျက်လောက်အောင်ဖြစ်နေတဲ့ အဲ့ဒီတံတားကြီးဟာ ဒီလိုအခြေအနေရှိတယ်ဆိုတာ ကျွန်တော်သိစေလိုခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖာပွန်အ-ထ-ကကိုနေ့စဉ်ကျောင်းတက်/ဆင်းပြုလုပ်နေကြတဲ့ ကျောင်းသားကျောင်းသူတွေ၊ ရောင်းဝယ်ဖောက်ကားမှုကိစ္စနဲ့ ရွာသူရွာသား၊ မြို့သူမြို့သားတွေ နိစ္စဒူဝ ဖြတ်သန်းသွားလာအသုံးပြုနေရတဲ့ တံတားကြီးဖြစ်ပါတယ်။ တံတားရဲ့ ကြံ့ခိုင်မှုက

လုံးဝမရှိတော့ဘဲနဲ့ အန္တရာယ်ရှိတဲ့အနေအထားကို ရောက်ရှိနေပြီဖြစ်တဲ့အတွက်ကြောင့် ဒေသခံပြည်သူတွေအဖို့တော့ အမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်ပေးလိုတဲ့ ဆန္ဒတွေဖြစ်ပေါ်လျက်ရှိနေကြပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဘတ်ဂျက်ခွဲဝေလျာထားတဲ့စာရင်းမှာလည်း ဒီတံတားနဲ့ပတ်သက်ပြီးတော့ လျာထားတာကို မတွေ့ရပါဘူးခင်ဗျာ။ ဒါကြောင့် ဒေသခံပြည်သူတွေရဲ့ကိုယ်စားပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းသွားမှာဖြစ်ပါတယ်။ မေးခွန်း(၁) ဖာပွန်မြို့နဲ့ အနောက်ဘက်ကမ်းကျေးရွာကို ဆက်သွယ်ထားတဲ့ ယွန်းစလင်းချောင်းကူးတစ်လွှာတစ်ထပ်ဘေလီတံတားသည် ကြံ့ခိုင်မှုလုံးဝမရှိတော့ပဲ အန္တရာယ်ရှိသည့်အနေအထားသို့ရောက်ရှိနေပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ သိရှိပါသလား။ မေးခွန်း(၂) မသိရှိသေးပါလျှင် ယခုသိရှိပြီဖြစ်၍ ၎င်းတံတားကိုမည်သည့်ကာလတွင် ဖြစ်နိုင်ပါလျှင် ၂၀၁၃-၂၀၁၄ ဘတ်ဂျက်ရန်ပုံငွေဖြင့် အမြန်ဆုံးပြုပြင်တည်ဆောက်ပေးနိုင်ပါမည်လားဟု လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)** ။ ။ ရှိသေလေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းသန်းနိုင်မှ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မေးမြန်းထားတဲ့ဖာပွန်မြို့နယ်နှင့် အနောက်ဘက်ကမ်းကျေးရွာများကို ဆက်သွယ်ထားတဲ့ ယွန်းစလင်းချောင်းကူးတစ်လွှာတစ်ထပ်ဘေလီတံတား ကြံ့ခိုင်မှုလုံးဝမရှိတော့ဘဲ အန္တရာယ်ရှိသည့် အနေအထားရောက်ရှိနေပါ၍ ၎င်းတံတားကို မည်သည့်ကာလတွင် အမြန်ဆုံးပြန်လည်ပြုပြင် တည်ဆောက်ပေးနိုင်မည်ကိုသိရှိလိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ ဘီးလင်း-နတ်ကြီး-ဖာပွန်လမ်းပေါ်မှာရှိတဲ့ ဖာပွန်မြို့နှင့် အနောက်ဘက်ကျေးရွာများကို ဆက်သွယ်ထားတဲ့ မိုင်တိုင် ၇၅ မိုင် ၆ ဖာလုံနှင့် ၇၅

မိုင် ၇ ဖာလုံအကြားမှာရှိတဲ့ ယွန်းစလင်းချောင်းကူးတံတားဟာ တစ်လွှာတစ်ထပ် ဘေလီတံတား အမျိုးအစားဖြစ်ပြီးတော့ ၇၀ ပေ ၇ ခန်း နဲ့ အရှည် ၄၉၀ ရှိတဲ့တံတားဖြစ်ပြီး ၁၉၉၉ ခုနှစ်မှာ စတင် တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ယွန်းစလင်းဘေလီတံတား စတင်တည်ဆောက်စဉ်က အောက်ခံ သံဆင့် Stringer ၅ ချောင်း တည်ဆောက်ရမှာ ဖြစ်သော်လည်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့အတိုင်း ကျွန်တော်တို့ ရေထဲမျောပါသွားတဲ့ Stringer တွေကို ၂ ချောင်းသာ တံတား ပေါ်မှာရှိတဲ့ ဘီးလမ်း wheel truck ရဲ့အောက်မှာ ကျွန်တော်တို့ ထည့်သွင်းနိုင်ပြီးတော့ ကျန်တဲ့ wheel truck ကအပြင်မှာရှိနေရာများမှာတော့သစ်သားတွေနဲ့သာ အစားထိုးပြီး တည်ဆောက်ခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီအောက်ခံသံဆင့် ၂ ချောင်းနဲ့ ရေလယ်သစ်လုံးတိုင်စင် ၅ ဆင့်ဟာလည်းပဲ နှစ်ကာလကြာမြင့်နေပြီဖြစ်တဲ့အတွက် ဆွေးမြေ့ပြီးတော့ တံတားကို ရှေ့ကစီးဆင်းလာတဲ့ပစ္စည်းများ ကာဖို့ထားတဲ့ သဘော်ဦးဟာလည်း ယမန်နှစ်မိုးရာသီက ရေတိုက်စားမှုကြောင့် ပျက်စီးသွားပါတယ်။ ဒါကြောင့်မို့လို့ ကြံ့ခိုင်မှုနည်းပါးပြီးတော့ အန္တရာယ်ရှိနေတဲ့အကြောင်းကို ဓါတ်ပုံမှတ်တမ်းများနဲ့ တင်ပြလာတဲ့အတွက် ကျွန်တော်တို့ သိရှိရပြီး ဖြစ်ပါတယ်။

ဒီ ယွန်းစလင်းဘေလီတံတား ကြံ့ခိုင်မှု ကောင်းမွန်ရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေနဲ့ ယခင်က တစ်လွှာတစ်ထပ်ဘေလီ ၇၀ ပေခန်းဖွင့်ဖြစ်ပါက တံတားဟာဘာပဲဖြစ်ဖြစ် ၇၀ ပေဟာ တုန်လှုပ်ရမ်းခါမှုရှိပါတယ်။ ဒါကြောင့်မို့ အခုအခါမှာ အဲဒါကို ကျွန်တော်တို့ ၅၀ ပေ ခန်းဖွင့် ၁၀ ခန်းနဲ့ ပေ ၅၀၀ ပြန်လည်တည်ဆောက်ပေးမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တိုင်စင်များဟာလည်း ပျက်စီးနေတဲ့ ၅ ခုစလုံးကို ဖယ်ထုတ်ပြီးတော့ ကျွန်တော်တို့ တိုင်စင် ၁၀ ခု ပြန်ထည့်ဖို့အတွက်ဆောင်ရွက်ထားပါတယ်။ အဲဒီတော့ ဘေလီ အောက်ခံသံဆင့် ကျွန်တော်တို့ရဲ့ အခေါ်အဝေါ် Stringer များကိုလည်းပဲ ပျက်စီးသွားတဲ့ ၂ ချောင်းကို မသုံးတော့ဘဲနဲ့ ကျွန်တော်တို့အသစ် ၅ ချောင်းလုံးပြန်လည်လဲလှယ်ပေးမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ပျက်စီးပြီး တော့မျောပါသွားတဲ့ သဘော်ဦးတိုင်များကိုလည်း အသစ်တည်ဆောက်ပေးမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ဒီလိုတည်ဆောက်တဲ့လုပ်ငန်းများကိုလည်း ယခုရရှိထားတဲ့ ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေနဲ့ ဒီ ၂၀၁၂-၂၀၁၃ ရန်ပုံငွေသုံးစွဲပြီးတော့ ဆောင်ရွက်မှာဖြစ်တဲ့အတွက် ယခုတံတားရဲ့ခံနိုင်ဝန် ၆ တန်သာ ခွင့်ပြုပေးနိုင်ရာကနေပြီးတော့ ၁၅ တန်အထိ တိုးတက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဒီယွန်းစလင်းချောင်းကူးတံတား အသုံးပြုနေတဲ့ ဒေသခံပြည်သူများ အန္တရာယ်ကင်းစေရေးအတွက် လောလောဆယ်ကြံ့ခိုင်မှုကောင်းမွန်အောင်

ဆောင်ရွက်သွားမှာဖြစ်သလို သံကူကွန်ကရစ်တံတားအဆင့်အဖြစ် ဆောက်လုပ်ရေးအတွက် ကျွန်တော်တို့ကို ယခုကျင်းပနေတဲ့လွှတ်တော်ကနေပြီးတော့ ညွှန်ကြားချက်အရ ပြင်ဆင်ဖြည့်စွက်ရေးဆွဲမယ့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေမူကြမ်းမှာ ဖြည့်စွက်ရေးဆွဲထားပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**နမ့်စန်နယ်စပ်မှ မိုးနဲအထိ၊ မိုးနဲမှ လင်းခေးအကြားရှိလမ်းပိုင်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ လမ်းပိုင်းတစ်ပိုင်းလျှင် ၅ မိုင်စီ နှစ်စဉ်ပြုပြင်ပေးနိုင်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ မိုးနဲမဲဆန္ဒနယ်က ဦးစိုင်းကျော်မြင့်က သူရဲ့ မဲဆန္ဒနယ်ကို လယ်ယာမြေသိမ်းဆည်းရေးကိစ္စ လေ့လာစုံစမ်းဖို့သွားရောက်နေတဲ့အတွက် သူ့ကိုယ်စား ဒီမေးခွန်းကိုမေးမြန်းသွားမှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်တောင်ပိုင်း၊ နမ့်စန်နယ်စပ်ကနေပြီးတော့ မိုးနဲလမ်းပိုင်းမှာကတ္တရာခင်းလုပ်ငန်းဆောင်ရွက်ပြီးခဲ့တဲ့ လမ်းပိုင်းအသစ်ဟာ ပြန်ပြီးတော့ ပေါက်ပြဲနေတဲ့နေရာမှာ ကတ္တရာပြန်လောင်းရန်အစီအစဉ်နှင့် သတ်မှတ်စံချိန်စံညွှန်း အတိုင်းပြည့်မီအောင် မည်ကဲ့သို့ကြီးကြပ်အရေးယူစီမံ ဆောင်ရွက်နေသည်ကိုသိရှိလိုပါတယ်။ နောက်တစ်ချက်က အဲ့ဒီ နမ့်စန်နယ်စပ်ကနေပြီးတော့ မိုးနဲမြို့ အထိလမ်းပြုပြင်ရန်မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးစီမံကိန်းလျာထားချက်မှာမပါရှိတာကိုတွေ့ရှိရပါတယ်။ နမ့်စန်နယ်စပ်ကနေပြီးတော့ လင်းခေးအထိလမ်းပိုင်းများ တစ်ဆက်တစ်စပ်တည်းနှစ်စဉ်ပြုပြင်ရန် အလွန်လိုအပ်လျက်ရှိနေပါတယ်။ အဲ့ဒီ လမ်းပိုင်းဟာ ၆၂ မိုင်ရှည်လျားပြီးတော့ ပြုပြင်ထိန်းသိမ်းမှု၊ စံချိန်မီပြုပြင်မှုနည်းပါးခြင်းများကြောင့် များစွာပျက်စီးနေပါတယ်။ သို့ဖြစ်ပါ၍ ၎င်းလမ်းပိုင်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ လမ်းပိုင်းတစ်ပိုင်းလျှင်အနည်းဆုံး ၅ မိုင်စီ နှစ်စဉ်နှစ်တိုင်း အရည်အသွေးစံချိန်ပြည့်မီစွာဖြင့် လမ်းတိုးတက်ပြုပြင်ပေးပါရန်နှင့် ပြုလုပ်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကိုသိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

[ဦးစိုင်းကျော်မြင့်၊ မိုးနဲမဲဆန္ဒနယ်ကိုယ်စား ဦးစိုင်းဘိုးအောင်၊ မူဆယ်မဲဆန္ဒနယ်က မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ မိုးနဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မြင့်ရဲ့ကိုယ်စား မူဆယ်မဲဆန္ဒနယ် ဦးစိုင်းဘိုးအောင်မှ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မေးမြန်းတဲ့ နမ့်စန်နယ်စပ်မှ မိုးနဲအထိ လမ်းပိုင်းနှင့် မိုးနဲမှ လင်းခေးအကြားရှိလမ်းပိုင်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ လမ်းပိုင်းတစ်ပိုင်းလျှင် ၅ မိုင်စီ နှစ်စဉ်နှစ်တိုင်း တိုးတက်ပြုပြင်ပေးပါရန်နှင့် ပြုပြင်ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်များကို သိရှိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းမှာရှိတဲ့ နမ့်စန်မှ မိုးနဲအပိုင်းတွင် မိုင် ၀/၀ မှ ၄၁/၀ အထိ ၄၁ မိုင်နှင့် မိုးနဲမှ လင်းခေးအထိအပိုင်းမှာ မိုင်တိုင် ၄၁ မှ ၆၂ အထိ ၂၁ မိုင်ပါဝင်ပြီးတော့ နမ့်စန်-မိုးနဲ-လင်းခေး လမ်းဟာ စုစုပေါင်း ၆၂ မိုင်ရှည်လျားတာဖြစ်ပါတယ်။ နမ့်စန်-မိုးနဲ-လင်းခေးအပိုင်းမှာ ယခင်နှစ်များက လမ်းပျက်စီးမှုများများပြားခဲ့ပါတယ်။ ယခုအခါ ငြိမ်းချမ်းရေးရယူပြီး တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့တဲ့အတွက် နမ့်စန်-မိုးနဲ-လင်းခေးအပိုင်းလမ်းဟာ ချောမွေ့စွာသွားလာနိုင်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မိုင်တိုင် ၁၉ အနီးမှာ ကတ္တရာလမ်းပေါက်များပျက်စီးမှုကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှာ ရရှိတဲ့ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေတောင်းခံပြီး ဖေဖော်ဝါရီ လဆန်းမှာ ပြုပြင်ဆောင်ရွက်ပြီးဖြစ်ပါတယ်ခင်ဗျား။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာလည်း နမ့်စန်-မိုးနဲ အပိုင်းမှာ မူလကျောက်လမ်း ၁ မိုင် ၂ ဖာလုံကို ကတ္တရာခင်းခြင်း၊ ကျန် ၁၂ မိုင်ကို လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကိုဆောင်ရွက်ပြီးတော့ ဒီလုပ်ငန်းတွေဟာ အခုချိန်မှာ ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ပါတယ်။ အလားတူပဲ မိုးနဲ-လင်းခေး လမ်းအပိုင်းမှာလည်းပဲ ကျောက်လမ်း ၇ မိုင်ကို ကတ္တရာခင်းခြင်း ဆောင်ရွက်လျက်ရှိပြီးတော့ ဒီလုပ်ငန်းဟာ ယခုချိန်မှာ ၆၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်တဲ့အတွက် ဒီဘဏ္ဍာရေးနှစ်အကုန်မှာတော့ ဒီလမ်းများဟာ ရာခိုင်နှုန်းပြည့် ပြီးစီးသွားမှာဖြစ်ပါတယ်။ ဒီ့အပြင်

ကျွန်တော်တို့၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ နမ့်စန်-မိုးနဲ-လင်းခေးအပိုင်း ၁၁ မိုင်ကို ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရန်အတွက် ရန်ပုံငွေများတင်ပြတောင်းခံထားပါတယ်။ အဲ့ဒီအတွက်ကြောင့် နမ့်စန်-မိုးနဲ-လင်းခေးလမ်း ၆၂ မိုင်ကို ၁၂ ပေအကျယ်ကတ္တရာလမ်းအဆင့်ဆောင်ရွက်ရာမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်း ၂၀ မိုင် ၂ ဖာလုံပြီးစီးသွားမှာဖြစ်ပြီးတော့ ၄၁ မိုင် ၆ ဖာလုံကျန်ရှိပါတယ်ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတင်ပြချက်ပါအတိုင်း တစ်နှစ်လျှင်အပိုင်းတစ်ပိုင်းကို ၅ မိုင်စီဆောင်ရွက်ပါက နှစ်စဉ်ကာလကြာရှည်စွာဆောင်ရွက်ရမှာဖြစ်တာကြောင့် ကျွန်တော်တို့ စီမံချက်ရေးဆွဲထားတာကတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ တင်ပြတောင်းခံထားတဲ့အတိုင်း ၁၁ မိုင် ဆောင်ရွက်ပါမယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ၁၆ မိုင် ၄ ဖာလုံဆောင်ရွက်ပါမယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာတော့ ၁၄ မိုင် ၂ ဖာလုံဆောင်ရွက်ခြင်းအားဖြင့် စုစုပေါင်း ၄၁ မိုင် ၆ ဖာလုံ ဆောင်ရွက်သွားရန် စီမံချက်ရေးဆွဲထားရှိပြီး ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေများတင်ပြတောင်းခံ၍ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်းတင်ပြပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါလမ်းအပိုင်းများကို သတ်မှတ်စံချိန်စံညွှန်းနဲ့အညီ ဆောင်ရွက်ရန်အတွက် အရည်အသွေးပြည့်မီတဲ့ဒေသထွက်ကျောက်များနဲ့ ၈၀/၁၀၀ ကတ္တရာအမျိုးအစားကို အသုံးပြုဆောင်ရွက်မှာဖြစ်ပါတယ်။ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာမှာလည်းပဲ သက်ဆိုင်ရာမြို့နယ်အင်ဂျင်နီယာမှ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပြီးတော့ ခရိုင်အင်ဂျင်နီယာမှူးနဲ့ ပြည်နယ်အင်ဂျင်နီယာမှူးကြီးတို့မှ အဆင့်ဆင့်ကြီးကြပ်ကာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)က ပြည်နယ်တာဝန်ခံအဖြစ်တာဝန်ပေးထားတဲ့ အင်ဂျင်နီယာချုပ်တစ်ဦးက အခါအားလျော်စွာကြပ်မတ်ဆောင်ရွက်လျက်ရှိတဲ့အပြင် ရုံးချုပ်မှာရှိတဲ့ လမ်းသုတေသနဓာတ်ခွဲခန်းက လမ်းအရည်အသွေးထိန်းကွပ်ရေး (Quality Control) အဖွဲ့များကလည်း အနီးကပ်ကြီးကြပ်ဆောင်ရွက်မှာဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အစည်းအဝေးကို ၂၅ မိနစ်ခန့်ရပ်နားပါ့မယ်။

**အချိန်၊၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၂၅ မိနစ်ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၂း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများကို ၆-၂-၂၀၁၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအလိုက် ၁၁-၂-၂၀၁၃ ရက်နေ့ နောက်ဆုံးထား၍ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြရန် တောင်းခံခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေနှင့် စပ်လျဉ်းပြီး ကိုယ်စားလှယ် ၃ ဦးက ပြင်ဆင်ချက်တင်သွင်းထားတာရှိပါတယ်။ ယင်းနည်းဥပဒေများ နှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆက်လက်ဆောင်ရွက်ပါမယ်။ အပိုဒ်၊ အပိုဒ်ခွဲအလိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြု နိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ သက်ဆိုင်ရာဥပဒေကြမ်းကော်မတီက ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူပြီး ဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အခန်း(၅) နည်းဥပဒေ ၁၉ နည်းဥပဒေခွဲ(က) နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် အဆို တင်သွင်းဖို့ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်အား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ပြင်ဆင်ချက်ကို ဖတ်ကြားပြပါမယ်။ အခန်း(၅) အပိုဒ် ၉ အပိုဒ်ခွဲ (က)မှာ လွှတ်တော်ကို အစည်းအဝေး စည်းကမ်းသေဝပ်စေရန် တာဝန်ယူကြီးကြပ်ကွပ်ကဲခြင်းနှင့် ထိုသို့ကြီးကြပ်ကွပ်ကဲရာတွင် မိမိချမှတ်သော အမိန့်များကိုတည်စေရန် လိုအပ်သော အခွင့်အာဏာ အပြည့်အဝ ကျင့်သုံးခွင့်ရှိသည်ဆိုတဲ့ မူလပြဋ္ဌာန်းချက်အား ကျွန်တော့်အနေနဲ့ (က) လွှတ်တော်ကို စည်းကမ်းသေဝပ်စေရန် တာဝန်ယူကြီးကြပ်ကွပ်ကဲခြင်းနှင့် ထိုသို့ကြီးကြပ်ကွပ်ကဲရာတွင် မိမိ ချမှတ်သော ဆုံးဖြတ်ချက်များကို တည်စေရန် လိုအပ်သောလုပ်ပိုင်ခွင့်များကို ဥပဒေနှင့်အညီ အပြည့် အဝကျင့်သုံးခွင့်ရှိခြင်းလို့ ပြင်ဆင်ထားပါတယ်။ ဒီလိုပြင်ဆင်ရခြင်းကတော့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်သော လွှတ်တော်ကြီးတွင် ဥပဒေများကို လွတ်လပ်စွာဆွေးနွေးခြင်း၊ ပွင့်လင်းမြင်သာခြင်း သည် လွှတ်တော်၏ အဓိကကျသောအကြောင်းဖြစ်တယ်လို့ ယုံကြည်ပါတယ်။ အမိန့်အာဏာအောက် တွင် ဆွေးနွေးတင်ပြခြင်းထက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများရဲ့အောက်တွင် ဆွေးနွေးတင်ပြ ခြင်းသည် ဒီမိုကရေစီပို၍ ကျလိမ့်မယ်လို့ယုံကြည်သောကြောင့် ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီဝင် ဦးဘရှိန်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီရဲ့သဘောထားကို တင်ပြမှာဖြစ်ပါတယ်။ ပုဇွန်တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဇင်တင်သွင်းတဲ့ ဥပဒေပြင်ဆင်ချက်အား ကျွန်တော်တို့ နည်းဥပဒေ ၁၉ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များဆိုတဲ့ အခန်းကဏ္ဍနှင့် သက်ဆိုင်ပါတယ်။ ဒီလိုပြင်ဆင်ချက်အဆို တင်သွင်းဖို့ လွှတ်တော်ကိုတင်ပြထားတဲ့ ကိုယ်စားလှယ်တွေနဲ့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီတို့ ဒီအစည်းအဝေးမတိုင်ခင်မှာ ဆွေးနွေးညှိနှိုင်းခဲ့ကြတာ ရှိပါတယ်။ အဓိက ဦးအောင်ဇင် ပြင်ဆင်လိုတာကတော့ ဒီမိုကရေစီခေတ်ပြောင်း၊ စနစ်ပြောင်းဖြစ်တဲ့အတွက်ကြောင့် မူလပြဋ္ဌာန်းချက် နည်းဥပဒေ ၁၉ (က )မှာပါဝင်တဲ့ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ လုပ်ပိုင်ခွင့်ကို ပြောင်းလဲပြင်ဆင်လိုတယ်ဆိုတဲ့အချက်ဖြစ်ပါတယ်။ အဓိကတင်ပြတာကတော့ ဒီလိုခေတ်ပြောင်း၊ စနစ်ပြောင်းတဲ့အချိန်အခါမှာ အမိန့်အာဏာအောက်မှာ အလုပ်လုပ်ရတဲ့ အလုပ်ကိုမလုပ်လိုဘူးဆိုတဲ့ သဘောဖြစ်ပါတယ်။ ကျွန်တော်တို့ မူလပြဋ္ဌာန်းထားတဲ့ နည်းဥပဒေ ၁၉ (က)ဟာ အမိန့်အာဏာနှင့်

လွှတ်တော်ကို ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့က ချုပ်ချယ်ဖို့၊ ကန့်သတ်ဖို့ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက် မဟုတ်ဘူးဆိုတာကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက လေ့လာပြီးတော့ သဘောတူ ဆွေးနွေး ခဲ့ကြပါတယ်။ အဲ့ဒါကြောင့် ဒီမူလပြဋ္ဌာန်းထားတဲ့ လုပ်ပိုင်ခွင့်ဖြစ်တဲ့ လွှတ်တော်ကို စည်းကမ်းသေဝပ် စေရန် တာဝန်ယူကြီးကြပ်ကွပ်ကဲခြင်းနှင့် ထိုသို့ကြီးကြပ်ကွပ်ကဲရာတွင် မိမိချမှတ်သော အမိန့်များကို တည်စေရန် လိုအပ်သော အခွင့်အာဏာအပြည့်အဝကို ကျင့်သုံးခွင့်ရှိခြင်းဆိုတဲ့ ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်မှာ အပိုဒ် (က)အဖြစ်နဲ့ ပြဋ္ဌာန်းတဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌက ချမှတ်တဲ့အမိန့်ကိုအတည်ဖြစ်ဖို့အတွက် လိုအပ်တဲ့အခွင့်အာဏာကို လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌတို့ကို ကျင့်သုံးပိုင်ခွင့်ပေးထားတဲ့ ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်ဟာ ရှင်းလင်း ပြတ်သားပြီးတော့ လုပ်ပိုင်ခွင့်တိတိကျကျရှိကြောင်း ထင်သာမြင်သာရှိစေတဲ့အတွက် ဥပဒေကြမ်း ပူးပေါင်းကော်မတီက မူလပြဋ္ဌာန်းချက်အတိုင်းပဲ လက်ခံသင့်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ ကျွန်တော် အနည်းငယ် ဖြည့်စွက်ပြောဖို့ ခွင့်ပန်ကြားပါတယ်။ ကျွန်တော်ကတော့ လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်ဖြစ်ပါတယ်။ အခု ပြည်သူ့လွှတ်တော်နည်းဥပဒေ ပြဋ္ဌာန်းတဲ့ ကိစ္စတွေမှာ ကျွန်တော်တို့ လွှတ်တော်အခွင့်အရေးကော်မတီကနေပြီးတော့ တာဝန်ယူပြီးတော့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီထဲမှာပါတဲ့ နည်းဥပဒေတွေ ပြဋ္ဌာန်းတဲ့အခါမှာ လွှတ်တော် ကိုယ်စားလှယ်များရဲ့ အခွင့်အရေးလုပ်ပိုင်ခွင့်တွေဘက်ကလည်း ကျွန်တော်တို့အမြဲတမ်းကြည့် ပြီးတော့ သုံးသပ်ပါတယ်။ အခု ပြင်ဆင်လိုတဲ့ အပိုဒ်နှင့်ပတ်သက်ပြီးတော့ ပြဋ္ဌာန်းတဲ့အချက်သည် အခွင့်အရေးကိုကန့်သတ်တဲ့ ဆုံးဖြတ်ချက်မဟုတ်ပါဘူး။ ပြဋ္ဌာန်းချက်မဟုတ်ပါဘူး။ လွှတ်တော် ဥက္ကဋ္ဌရဲ့တာဝန်သည် လွှတ်တော်အတွင်းမှာ ကျင်းပပြုလုပ်တဲ့ ကိစ္စအဝဝ စနစ်တကျရှိဖို့၊ စည်းကမ်း ထိန်းသိမ်းဖို့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒီမိုကရေစီနည်းနဲ့ ကြီးကြပ်တာ ဒါက လုပ်နည်းတစ်ခုပါ။ ကြီးကြပ်တဲ့အခါမှာ ဥက္ကဋ္ဌကို စည်းကမ်းသေဝပ်ရေးအတွက် သူ့အမိန့်တွေချမှတ်ဖို့လည်းပဲ ခွင့်ပေး ရမှာဖြစ်ပါတယ်။ ထိုနည်းတူပဲ အဲ့ဒီအမိန့်တွေတည်ဖို့ အခွင့်အာဏာကိုလည်းပဲ ဥက္ကဋ္ဌကိုပေးရမှာဖြစ် ပါတယ်။ ဒီလို အခွင့်အာဏာမပေးထားဘူးဆိုရင် ကျွန်တော်တို့ လွှတ်တော်အစည်းအဝေးတွေကို ဥက္ကဋ္ဌကနေပြီးတော့ စည်းကမ်းကျနစွာစနစ်တကျရှိအောင် ဦးဆောင်ဦးရွက်ပြုနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ မူလပြဋ္ဌာန်းချက်မှာ ဒီအပိုဒ်ကို သေချာစဉ်းစားပြီးမှ လွှတ်တော်အတွင်းမှာ ကြီးကြပ်

ကွပ်ကဲနိုင်ဖို့အတွက် ကျွန်တော်တို့ ဒီဟာကို ထည့်ထားတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်ထပ်မံဆွေးနွေးလိုတာကတော့ ကျွန်တော်တို့ လွှတ်တော်ရဲ့ အနေအထားက **ဟိုက်ဘာရေ့စ်** လိုဖြစ်နေပါတယ်။ ကျွန်တော်တို့ ပါလီမန်စနစ်နှင့် သမ္မတစနစ်ရောထားတဲ့ သဘောလိုဖြစ်နေပါတယ်။ ဖြစ်တဲ့အတွက်ကြောင့် လွှတ်တော်ထဲမှာဆောင်ရွက်တဲ့ကိစ္စအများစုဟာ မေးခွန်းကိစ္စတွေ၊ အဆိုကိစ္စတွေဆွေးနွေးတာတွေများပါတယ်။ ဒီနေရာတွေမှာ မေးခွန်းတွေ၊ အဆိုတွေတင်တဲ့နေရာတွေမှာ ဥက္ကဋ္ဌရဲ့ ကြီးကြပ်မှုဟာ အတော်လိုအပ်ပါတယ်။ အိန္ဒိယပါလီမန်ဟာ ကျွန်တော်တို့နဲ့ ဆင်ပါတယ်။ အိန္ဒိယမှာ လွှတ်တော်မေးခွန်းတွေပေးဖို့ Question Time ဆိုပြီးတော့ တစ်နာရီပေးပါတယ်။ ကျွန်တော်တို့လည်းပဲ ဒီလိုပဲ တစ်နာရီပေးပါတယ်။ ဒီအတိုင်းပဲ အိန္ဒိယ မှာလည်းပဲ အိန္ဒိယရဲ့ အထက်လွှတ်တော်၊ အောက်လွှတ်တော်ဥက္ကဋ္ဌတွေက ကျင့်သုံးတာ ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ President of Assistant ကျင့်သုံးတဲ့ အမေရိကန်ကကျတော့ လွှတ်တော်ထဲမှာ ဒီလိုဆွေးနွေးတာမျိုးတွေမရှိဘူး။ အဆိုတင်တာတွေလည်းမရှိဘူး။ မရှိတဲ့အတွက် ဒီလို Control လုပ်တဲ့ကိစ္စရပ်မျိုးတွေက မပေါ်ပေါက်ပါဘူး။ ကျွန်တော်တို့ရဲ့ထူးခြားမှု ကျင့်သုံးတဲ့အခြေအနေအရ လွှတ်တော်ကိုယ်စားလှယ်တွေမှာလည်း အခွင့်အရေးရှိရမယ်။ ဒီအခွင့်အရေးနှင့်အညီ ဆောင်ရွက်တဲ့နေရာမှာလည်းပဲ အကြီးအမှူးလုပ်တဲ့ ဥက္ကဋ္ဌဟာ ပိုင်ပိုင်နိုင်နိုင် ကြပ်ကြပ်မတ်မတ်ကွပ်ကဲနိုင်ဖို့ကိုလည်း သူ့ကို ကျွန်တော်တို့က အမိန့်ပေးနိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့် အခွင့်အာဏာလည်းပေးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီပြင်ဆင်ချက်ကို ထည့်သွင်းထားခြင်းဖြစ်ပါကြောင်းနှင့် ဒါဟာ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ အလေးထားပြီးတော့ လိုက်နာကျင့်သုံးသင့်တဲ့ ပြင်ဆင်ချက်လည်းဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးအား တင်ပြလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များကလည်း အထူးစဉ်းစားပြီးတော့ ဒီကိစ္စဆုံးဖြတ်ပေးဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီအကြောင်းတင်ပြလို့ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက အိန္ဒိယအောက်လွှတ်တော်ဥက္ကဋ္ဌ ကျွန်တော်တို့ နိုင်ငံလာလည်ပါတယ်။ လာလည်တဲ့အခါမှာ ကျွန်တော့်ကို မေးခွန်းတစ်ခုမေးပါတယ်။ ဒီလွှတ်တော်အတွင်းမှာ တယ်လီဖုန်း၊ အင်တာနက်၊ သတင်းစာ၊ မဂ္ဂဇင်းတွေယူဆောင်လာဖို့ ခွင့်ပြုထားသလားလို့ ကျွန်တော့်ကိုမေးပါတယ်။ မေးတဲ့အခါမှာ တယ်လီဖုန်းယူလာဖို့ ခွင့်မပြုထားဘူး။ ဒီလိုပဲကျွန်တော်ဖြေပါတယ်။ ပြီးတဲ့အခါထပ်မေးပါတယ်။ ဥက္ကဋ္ဌကြီးတို့ရဲ့ လွှတ်တော်အတွင်းမှာရော ဘယ်လိုများ ဆောင်ရွက်နေပါလဲဆိုတော့ သူတို့လွှတ်တော်အတွင်းမှာတော့ တယ်လီဖုန်းမှာ အင်တာနက် i phone ပေါ့။ ပြီးတဲ့အခါမှာ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာ ပြောမယ်

ဆိုလို့ရှိရင် လွှတ်တော်လုပ်ငန်းနဲ့ မဆိုင်တဲ့ စာရွက်စာတမ်း ပစ္စည်းများယူဆောင်ခွင့်မပြုဘူး။ ဒါ အမိန့်ထုတ်ပြန်ထားတယ်။ ကျွန်တော်က မသိလို့ ထပ်ပြီးမေးပါတယ်။ ဘာရည်ရွယ်ချက်နဲ့လဲ။ လွှတ်တော်ကိုလေးစားအောင်၊ လွှတ်တော်အတွင်းရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ လွှတ်တော်လုပ်ငန်းနဲ့ဆိုင်တဲ့ ကိစ္စရပ်တွေပဲ လုပ်နိုင်အောင် ဒီလိုအမိန့်ထုတ်ထားပါတယ်။ ဒီလိုပြော သွားပါတယ်။ ဒီမှာပဲ ဒီနေ့ကတော့ ကျွန်တော် လွှတ်တော်ဥက္ကဋ္ဌပေါ့။ လွှတ်တော်ဥက္ကဋ္ဌကိုလည်း ဥပဒေနှင့် ပြဋ္ဌာန်းပြီးတော့ ဆုံးဖြတ်၊ ဥပဒေနှင့်ပြဋ္ဌာန်းထားတာကို လွှတ်တော်ကို ပိုင်ပိုင်နိုင်နိုင် စာအတိုင်းဆိုရင် လွှတ်တော်ကို စည်းကမ်းသေဝပ်စေရန် တာဝန်ကြီးကြပ်ကွပ်ကဲခြင်းနှင့် ထိုသို့ ကြီးကြပ်ကွပ်ကဲရာတွင် မိမိချမှတ်သော အမိန့်များကို တည်စေရန် လိုအပ်သောအခွင့်အာဏာ အပြည့်အဝကျင့်သုံးခွင့်ရှိခြင်းဆိုပြီးတော့ မူလဥပဒေပြဋ္ဌာန်းထားပါတယ်။ မူလဥပဒေမှာပြဋ္ဌာန်း တဲ့အတွက် နည်းဥပဒေမှာလည်း မူလဥပဒေကို အထောက်အကူပြုတဲ့ ပြဋ္ဌာန်းချက်မျိုးပဲဖြစ်ဖို့လိုပါ လိမ့်မယ်။ ပြီးရင်အဓိက ရည်ရွယ်ချက်ကတော့ လွှတ်တော်ကို ကြီးကြပ်ကွပ်ကဲတဲ့နေရာမှာ မိမိရဲ့အမိန့် များတည်ဖို့အတွက် အခွင့်အာဏာကျင့်သုံးခြင်းဆိုတာကို ရေးသားထားခြင်းလို့ပဲ ယူဆရမှာဖြစ်ပါ တယ်။ အဲဒါမှာမေးခွန်းတွေ၊ အဆိုတွေအပါအဝင် အခြားကိစ္စတွေမှာ ဒီမေးခွန်းမေးဖို့၊ အဆိုတင်သွင်းဖို့ ကိစ္စတွေမှာ အကြိမ်ကြိမ်အဖန်ဖန်ဆွေးနွေးနေမယ်ဆိုလို့ရှိရင် ဒီထဲမှာ လွှတ်တော်ထဲမှာ လုပ်ရမယ့် လုပ်ငန်းတွေလည်း အနှောင့်အယှက်ဖြစ်လာနိုင်မယ်လို့လည်း ဒီလိုယူဆမှာဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ခုနက လွှတ်တော်အခွင့်အရေးကော်မတီက တင်ပြလို့ ကျွန်တော်လည်း သတိရပြီး ဒီမှာပြောတဲ့ သဘောရှိပါတယ်။ ဆက်လက်ပြီး လုပ်ငန်းဆောင်ရွက်ပါမယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီက ရေးထားတဲ့ တင်ပြထားတဲ့ လွှတ်တော်ကို စည်းကမ်းသေဝပ်စေရန် တာဝန်ယူကြီးကြပ်ကွပ်ကဲခြင်းနှင့် ထိုသို့ကြီးကြပ်ကွပ်ကဲရာ မိမိချမှတ်သော အမိန့်များကို တည်စေရန် လိုအပ်သော အခွင့်အာဏာ အပြည့်အဝ ကျင့်သုံးခွင့်ရှိခြင်းဆိုတဲ့ မူလပြဋ္ဌာန်းချက်ကို ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ နှစ်ယောက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ ပြဋ္ဌာန်းချက်အတိုင်း အတည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးစိုးဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်မှ တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ကို အနည်းငယ်ဆွေးနွေးခွင့်ပြုဖို့ ကျွန်တော် ခွင့်ပန်ချင်ပါတယ်ခင်ဗျား။ ဟုတ်ကဲ့ ခွင့်ပြုတယ်ဆိုရင် ကျွန်တော်ဒီကိစ္စကို ဝင်ဆွေးနွေးပါ့မယ်။ ဒီဥပဒေ၊ နည်းဥပဒေနဲ့ ပတ်သက်ပြီးတော့

ကျွန်တော် ဆွေးနွေးလိုတဲ့ကိစ္စကို ကျွန်တော်တို့က ၇ ရက်နေ့က ဒီဟာရပြီးတဲ့ အခါမှာ ၁၁ ရက်နေ့မှာ နောက်ဆုံးထားပြီးတော့ စာရင်းပေးရမယ်လို့ပါပါတယ်။ နောက်ဆုံးထားပြီး စာရင်းပေးရမယ့် ၁၁ ရက်နေ့က ပိတ်ရက်ဖြစ်နေတဲ့အတွက် ကျွန်တော် ၁၃ ရက်နေ့မှာ ပေးပါတယ်။ ပေးတဲ့အခါမှာ အဲဒီနေ့က ပြည်ထောင်စုလွှတ်တော်နေ့ပါ။ ကျွန်တော်က ပြည်သူ့လွှတ်တော်မှာပဲ ပေးရမယ်ဆိုပြီးတော့ ကျွန်တော် ပြည်သူ့လွှတ်တော်မှာ လာပြီးတော့ ပေးတဲ့ အခါမှာ ကျွန်တော် စာရင်းလာပေးတဲ့အခါမှာ အဘရယ် ဒါတွေ၊ ဒါတွေဟာ ဒီဖြည့်ပေးရမယ်။ အဲဒီတော့ ပြည်ထောင်စုလွှတ်တော်ဘက်မှာ ဖြစ်နေတယ်။ အဲဒီလိုဆိုရင် နောက်နေ့ကျမှ ပေးပါဆိုတဲ့အခါမှာ နောက်နေ့ ကျွန်တော်ပေးတော့ ကျွန်တော့်အနေနဲ့ ကျွန်တော်တင်ပြခဲ့တဲ့ဟာက ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ် ဆိုတဲ့အပိုင်းမှာ ကျွန်တော်က ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများသည် လွှတ်တော်များ သက်တမ်းတစ်လျှောက်တည်ရှိနေမည်ဖြစ်၍ ပြည့်ပြည့်စုံစုံလေ့လာသုံးသပ်ပြီး ဆွေးနွေးပေးနိုင်ရန် လွှတ်တော်များ ပေါ်ပေါက်လာပြီး ဖြတ်သန်းခဲ့ရသော သက်တမ်းနှစ်နှစ်အတွင်း တွေ့ရှိခဲ့ရသော အတွေ့အကြုံများ၊ အချက်အလက်များနဲ့ပါ ပေါင်းစပ်၍ ပြည့်စုံစွာ သုံးသပ်အကြံပြုနိုင်ရန်အတွက် လုံလောက်သော အချိန်ပေးပြီး ဆွေးနွေးခွင့်ပြုရန်ဆိုပြီး ကျွန်တော်တင်ခဲ့ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအခါကျတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကနေပြီးတော့ ခေါ်ပြီးတော့ ဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့အခါမှာ ကျွန်တော်က ဒီအပိုဒ်တွေ ဒီအပိုဒ်တွေသည် ပြင်ဖို့ဆိုတာထက် ခုနက ကျွန်တော်တို့ ဦးအောင်ဇင် တင်သွားတဲ့အပိုဒ်မှာလည်း ကျွန်တော် အဲဒီအပိုဒ်ကစပြီးတော့ ကျွန်တော် ပြောပါတယ်။ ကျွန်တော်တို့က ဒီဟာကို ခေါင်းစဉ်လေးကိုပဲ ပြင်ချင်တဲ့အပိုင်းပါ။ ကျွန်တော်တို့ ပြင်ချင်တဲ့ ရည်ရွယ်ချက်ကလည်း ဥက္ကဋ္ဌကြီးကိုလည်း ဟိုတစ်နေ့က ဇမ္ဗူသီရိမှာ ကျွန်တော် တင်ပြပါတယ်။ တင်ပြတဲ့ ရည်ရွယ်ချက်ကလည်း ကျွန်တော်တို့ဟာ ဒီမိုကရေစီသွားနေတဲ့ဟာ ဥက္ကဋ္ဌကြီးကကျတော့ ဟိုနေ့က အိန္ဒိယလွှတ်တော်နဲ့မေးတဲ့အပိုင်းမှာ ဥက္ကဋ္ဌကြီးရှင်းပြလို့ သိရတဲ့အတိုင်းပဲ ဥက္ကဋ္ဌကြီးက ပျော့ပြောင်းတယ်။ ကျွန်တော်တို့အပေါ်မှာ လိုက်လျောတာရှိပါတယ်။ အများကြီး။ ဥက္ကဋ္ဌကြီး လက်ထက်မှာတော့ ကိစ္စမရှိဘူး။ ဒီဥပဒေတွေဟာ နောင်အစဉ်အဆက် လွှတ်တော်ကြီးရှိတဲ့အခါမှာ သွားနေမှာဆိုတဲ့အခါ ကျတော့ နောင် ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌဆိုတဲ့ လက်ထက်မှာကျရင် ဒီအသုံးအနှုန်းလေး တွေက အခုကတည်း နေပြီးတော့ ဒါ ဒီတစ်ပိုဒ်ထဲကနေ မဟုတ်ပါဘူး။ ကျွန်တော်အားလုံး အပိုဒ် ၁၀ ပိုဒ် လောက်ရှိပါတယ်။ ဒါပေမယ့် သူတို့နဲ့ဆွေးနွေးတဲ့အခါ ဒါကတော့ အချိန်ကလည်းမရဘူး။ ကျွန်တော်တို့ ဘတ်ဂျက်ကလည်း ဒီအမီတင်ပြချင်တယ်လို့ ဥက္ကဋ္ဌကြီးက ပြောပါတယ်။ ပြောတဲ့

အတွက်မို့လို့ အဘ ဒီအပိုဒ်လေးတွေကိုတော့ ဒီလိုဆိုတော့။ ကျွန်တော်က ဒါကို ဖတ်လိုက်တဲ့အခါမှာ ဥပဒေမှာ ကျွန်တော်တို့ ဘယ်လိုပေးထားလဲဆိုတော့ နည်းဥပဒေ ၂၀၂ မှာ ကျွန်တော်တို့ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် လွှတ်တော်သို့ တင်ပြခြင်းဆိုတဲ့ခေါင်းစဉ်ရဲ့ အခန်း(၂၀)ရဲ့ အောက်မှာ ၂၀၂ မှာ နည်းဥပဒေ ၂၀၁ အရ ဖြန့်ဝေတင်ပြသော နည်းဥပဒေများ၊ စည်းမျဉ်းများ သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်သည် သက်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်းတွေ့ရှိပါက ယင်းနည်းဥပဒေများသည် စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေများ၊ စည်းမျဉ်းများ သို့မဟုတ် စည်းကမ်းဖြန့်ဝေတင်ပြသော နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော် ကိုယ်စားလှယ်များက လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်လို့ ပါပါတယ်။ ကျွန်တော်တို့က ဒီပေါ်မှာအခြေခံတာတော့ နောက်တစ်ခုက ကျွန်တော်တို့ အခြေခံဥပဒေမှာလည်း ပေးထားတာ ရှိတယ်ဆိုတဲ့အခါကျတော့ မူရင်းအခြေခံဥပဒေမှာလည်းပါ ပါတယ်။ မူရင်းဥပဒေမှာလည်းပါတဲ့ အခါကျတော့ ကျွန်တော်က ရက်ပေါင်း ၉၀ ကို ကျွန်တော် ပြန်ပြီးတော့ ဒီအခွင့်အရေးကိုယူမယ်ဆိုပြီးတော့ ကြည့်လိုက်တဲ့အခါမှာ ကျွန်တော်တို့ ၁၇၆ မှာ နည်းဥပဒေပြင်ဆင်ချက်အဆိုနဲ့ စပ်လျဉ်းသည့် ကန့်သတ်ချက်များဆိုတာ ၁၇၆ မှာ (ဂ)မှာ ဘာဆိုထားလဲဆိုတော့ အဆိုနဲ့စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုပြီးသော ဆုံးဖြတ်ချက်နှင့် ဆန့်ကျင်သည့် ပြင်ဆင်ချက် မဖြစ်စေရ။ အဲဒီတော့ အချိန်မရလို့ ဒီနေ့နည်းဥပဒေကြီးကို ကျွန်တော်တို့ အတည်ပြုရမယ်။ အတည်ပြုလိုက်ပြီးမှာ ရက်ပေါင်း ၉၀ အတွင်း ဆွေးနွေးခွင့်ရှိတယ်လို့ တစ်ဖက်မှာပြောတယ်။ ဒါပေမယ့်လို့ ကနေ့ဆုံးဖြတ်လိုက်တယ်ဆိုတာက ဒီမှာ ကျွန်တော်တို့ အတည်ပြုဆုံးဖြတ်မှာပါ။ အဲဒီလို ဆုံးဖြတ်ပြီးရင် ဒီနည်းဥပဒေ ၁၇၆ နည်းဥပဒေခွဲ(ဂ)အရဆိုရင် ကျွန်တော်တို့ ဒီအခွင့်အရေးက ပိတ်သွားမယ်။ အဲဒီလိုဖြစ်တဲ့အတွက် ကျွန်တော်က လွှတ်တော်ကိုယ်စားလှယ်တွေကို တချို့အပိုဒ်လေးတွေကို ဖတ်ပြပြီး ကျွန်တော်က ဒါတွေကို ဥပဒေကြမ်းကော်မတီကို ပြောပြတာပဲရှိတယ်။ ဒါတွေကတော့ လွှတ်တော်ကိုယ်စားလှယ်တွေ အားလုံးသိသင့်တယ်။ တာဝန်ရှိတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဆွေးနွေးခွင့်ကျယ်ကျယ်ပြန့်ပြန့် အဲဒီလို ကျွန်တော်တင်ပြတာပါခင်ဗျား။ ကျွန်တော်တို့က မဲခွဲဖို့လည်း မဟုတ်ဘူး။ ဆန့်ကျင်ကန့်ကွက်ဖို့လည်း မဟုတ်ပါဘူးခင်ဗျား။ တချို့ဟာတွေမှာကျတော့ ဥက္ကဋ္ဌကြီးအနေနဲ့ ကျွန်တော်တို့ အထူးလေးစားပါတယ်။ တကယ်လည်း ကျွန်တော်တို့က အားကိုးတကြီးရှိပါတယ်။ ဘာလဲဆိုတဲ့ကျတော့ အားလုံးထင်မြင်ချက် လွှတ်တော်က ထိရောက်မှုမရှိဘူး။ ဒီအာဏာဒီလိုဖြစ်နေတယ်ဆိုတဲ့ အပြောမျိုးတွေ ကျွန်တော်တို့ကမခံချင်ဘူး။ မခံနိုင်လို့ ကျွန်တော် ဒီဟာတွေကိုလည်း ဖြုတ်ဖို့ဆိုတာတွေလည်း

ကျွန်တော်ပြောတာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲ့ဒီတော့ အခု ကျွန်တော် ဒီအပိုဒ်လေးတွေကို ကျွန်တော့်ကို ဖတ်ခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော် နည်းနည်းဖတ်ပြချင်ပါတယ်။ ကျွန်တော် တစ်ပိုဒ်ချင်းအလိုက် ပြင်ဖို့မဟုတ်ပါဘူး။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ကျွန်တော်တင်ပြချင်တဲ့ဟာကတော့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ ဆွေးနွေးချက်ဟာ စည်းကမ်းချက်များနဲ့ မကိုက်ညီကြောင်း အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်ပြလာရင် အဆုံးအဖြတ်ပေးခြင်းနဲ့ ယင်းအဆုံး အဖြတ်သည် အပြီးအပြတ်ဖြစ်ခြင်း ဒီဟာက ပုဒ်မ ၁၉ ရဲ့ ပုဒ်မခွဲ(ဆ) နဲ့ တစ်ခါ ပုဒ်မခွဲ(ည)မှာကျတော့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဆွေးနွေးချက်သည် လွှတ်တော်အစည်းအဝေးအစီအစဉ်နှင့် သက်ဆိုင်ရာကိုက်ညီခြင်းရှိ၊ မရှိ ဆုံးဖြတ်ပေးခြင်းနဲ့ ယင်းအဆုံးအဖြတ်သည် အပြီးပြတ်ဖြစ်ခြင်း အဲဒီအပိုဒ်တွေမှာကျတော့ ဥက္ကဋ္ဌကြီးခုနက ပြောသွားတဲ့ အတွက်လည်း ကျွန်တော် စဉ်းစားပါတယ်ခင်ဗျား။ တချို့ဟာတွေမှာကျတော့ ဒီအဆုံးအဖြတ်ဟာ ကျွန်တော်တို့ လွှတ်တော်အတွင်းမှာကျရင်လည်း လွှတ်တော်ကိုယ်စားလှယ်တွေကို အရင်မှာတုန်းက ကျတော့ ဥက္ကဋ္ဌကြီးက ပြန်ပေးပြီးတော့ လွှတ်တော်ကနေ ဆုံးဖြတ်ဆိုပြီး ပေးခဲ့တာတွေရှိပါတယ်။ တချို့ဟာတွေမှာ ဖြေလျှော့ပေးခဲ့တာရှိပါ တယ်။ ဒီအပိုဒ်တွေမှာ အားလုံးကို ဥက္ကဋ္ဌအနေနဲ့ကျတော့ ချုပ်ကိုင်တယ်ဆိုတဲ့ဟာမျိုးတွေမဖြစ် အောင်လို့သာ ကျွန်တော်က ဒီအပိုဒ်လေးတွေကို ထည့်ပြီးတော့ ဒါကို သူတို့နဲ့ဆွေးနွေးတော့ ထည့်ခဲ့တာပါ။ ဟုတ်ကဲ့ပါခင်ဗျား။ ဥပဒေကြမ်းကော်မတီနဲ့ဆွေးနွေးတော့။ နောက်တစ်ခါ အခန်း (၁၆) မှာ မေးခွန်းတစ်ရပ်ဟာ အောက်ပါကန့်သတ်ချက်များနဲ့ ကိုက်ညီစေရမည် ဆိုပြီးတော့ပါပါတယ်ခင်ဗျား။ အဲဒီမှာကိစ္စတစ်ရပ်အတွက် ထင်မြင်ယူဆချက်တောင်းဆိုခြင်း၊ ဥပဒေ ဆိုင်ရာနက်နဲသော ပြဿနာများကို ဖြေရှင်းတောင်းဆိုခြင်း သို့မဟုတ် မဖြစ်ပေါ်သေးသောကိစ္စနှင့် စပ်လျဉ်း၍ မည်သို့ ဆောင်ရွက်သင့်ကြောင်း ဖော်ပြမေးမြန်းခြင်း မပြုရဆိုတာပါပဲ။ ကျွန်တော်ကတော့ ကျွန်တော်တို့ဟာ ပြည်သူ့ကိုယ်စားလှယ်တွေ။ ကျွန်တော်တို့ ဒီလွှတ်တော်ထဲမှာ မေးတဲ့မေးခွန်းတွေ ဆိုတာဟာလည်း ပြည်သူ့ကိုယ်စားပြုပြီးတော့ မေးရတဲ့ တင်ပြရတဲ့အဆိုတွေ မေးခွန်းတွေဖြစ်ပါတယ်။ ဖြစ်တဲ့အခါမှာ လွှတ်တော်ကြီးဟာ လွှတ်တော်အသံ ပြည်သူ့အသံ၊ လွှတ်တော်ဆန္ဒ ပြည်သူ့ဆန္ဒ ဆိုပြီး တော့မှ ကျွန်တော်တို့ ဆောင်ပုဒ်လည်း ဖြစ်နေတဲ့အခါကျတော့ ကျွန်တော်တို့ကို တင်ပြလာတဲ့ ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံမှာဖြစ်ပေါ်လာတဲ့ အကြောင်းအချက်၊ ကိစ္စတွေနဲ့ပတ်သက်ပြီးတော့ မေးမြန်း ခိုင်းတဲ့ အခါမျိုးမှာ ကျွန်တော်တို့က ဒါကို တင်ပြမေးမြန်းခွင့် ဆိုတာနဲ့များ ပိတ်ပင်ရာကျနေမလား။ ကျွန်တော် ဒီအချက်လေးတစ်ချက်၊ နောက်တစ်ခုက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဒါ

(စျ)မှာပါခင်ဗျ။ ၁၉ မှာပဲ (စျ)မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်အစည်းအဝေး တစ်ရပ်အတွင်း ကြယ်ပွင့်ပြထားသော မေးခွန်း ၅ ခုထက်ပို၍ မေးမြန်းခြင်းမပြုရ။ မေးမြန်းခြင်းမပြုရ ဆိုတော့ ကျွန်တော်နားလည်တာက ပထမအကြိမ်မှာ မေးခွန်း ၁၀ ခု မေးခွင့်ရှိခဲ့ပါတယ်။ အခု ကျွန်တော် တို့ ၅ ခုဆိုတဲ့အခါကျတော့ ဒါဟာအပြင်ကနေများ မြို့နယ်အတွက်ပဲဖြစ်ဖြစ်၊ ပြည်သူ အတွက်ပဲဖြစ်ဖြစ် လိုအပ်လို့မေးဖို့ဖြစ်မယ်ဆိုရင် တစ်မျိုးသဘောပေါက်စရာဖြစ်သွားမလားဆိုတာ ကိုလည်း လွှတ်တော် ကိုယ်စားလှယ်တွေ စဉ်းစားသင့်ပါတယ်။ ပထမအကြိမ်မှာ ၁၀ ခုရတယ်။ အခု ၅ခု ဆိုတောင်မှ ထက်ဝက် နောက်တစ်ခု မေးခွန်း သို့မဟုတ် မေးခွန်း၏အစိတ်အပိုင်းကို ဥက္ကဋ္ဌက ခွင့်မပြုလျှင် ယင်းသို့ ခွင့်မပြုသည့် ဥက္ကဋ္ဌ၏အဆုံးအဖြတ်ကို ဆွေးနွေးခွင့်မရှိစေရဆိုတာ တော်ကြာ ကြရင်သူများတွေက ကျွန်တော်တို့ကို ထောက်ကွက် ခုနက ပြောသလိုပေါ့ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးက ဆွေးနွေးလို့ရပါတယ်။ ဒါ ကျွန်တော်လည်း သိပါတယ်။ ဥက္ကဋ္ဌက ကျွန်တော်တို့ ရုံးခန်းထဲမှာတောင်မှ လာဆွေးနွေးရင် ခွင့်တောင်းရင်ပေးနေတာလည်း သဘောပေါက်ပါတယ်။ ဒါပေမယ့်လို့ ကျွန်တော် တင်ပြခဲ့သလိုပဲ နောင်ဥက္ကဋ္ဌတွေ၊ ဥက္ကဋ္ဌတွေကျရင် ဒီ Clause က ဟာလေးကတော့ စဉ်းစားဖို့ သင့်တယ်လို့ ဒါကို ကျွန်တော် ဒီအပိုဒ်လေးကို တင်ပြတာပါ။ နောက်တစ်ခု ကျွန်တော်တို့ နည်းဥပဒေ ၁၆၀ မှာလည်း ခုနကတော့ မေးခွန်းပေါ့လေ။ အဆိုမှာလည်း ဒီအတိုင်းပဲ ဥက္ကဋ္ဌ၏ အဆုံးအဖြတ်ကို ဆွေးနွေးခွင့်မရှိစေရလို့ အဲဒီအပိုဒ်လေးတွေလည်း စဉ်းစားသင့်ပါတယ်။ နောက်တစ်ခု ကျွန်တော် ခုနက အဆိုကို ရုပ်သိမ်းခြင်းဆိုတောင် ၁၇၀ ပါ။ နည်းဥပဒေ ၁၇၀ ပါ။ လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိတင်သွင်းထားသော အဆိုတစ်ရပ်ကို လွှတ်တော်၏ ခွင့်ပြုချက်မရရှိဘဲ ပြန်လည်ရုပ်သိမ်းခြင်း မပြုရပါပါတယ်။ ကျွန်တော်တို့ အဆိုတွေကို လွှတ်တော် ထဲမှာပဲဖြစ်ဖြစ်၊ လွှတ်တော်ထဲကို မတိုင်ခင်ပဲဖြစ်ဖြစ် အဆိုတွေ တင်လိုက်တဲ့အခါမှာ ဥက္ကဋ္ဌကြီး အနေနဲ့ရော ကျွန်တော်တို့ကို ခေါ်ယူဆွေးနွေးတဲ့အခါမှာ ဒီအဆိုတွေ၊ ဒီအဆို တွေဟာ ပြန်ရုပ်ဖို့ သင့်တယ်။ မေးခွန်းပြောင်းဖို့သင့်တယ်ဆိုတာ ကျွန်တော်တို့ ဒါတွေဟာ ညှိလို့ရခဲ့တဲ့အပိုင်းတွေ ရှိပါ တယ်။ ရှိတဲ့အပိုင်းမှာကျတော့ အခုဒီမှာလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက သူတို့က လိုအပ်လို့ တင်တယ်။ လွှတ်တော်ထဲမှာပဲ ကြုံခဲ့တဲ့အပိုင်း နှစ်နှစ်အတွင်းမှာပဲ ကျွန်တော် အဆိုတစ်ရပ်တင်လိုက် တယ်။ အဲ့ဒီအဆိုက ခွင့်ပြုတဲ့ ရက်ကျတော့ နှစ်လ၊ သုံးလလောက် အချိန်ကပြောင်းသွားတယ်။ ပြောင်းသွားတဲ့အခါကျတော့ ဟိုမှာကျတော့အခြေအနေက တစ်မျိုးဖြစ်သွားတဲ့အခါ ကျွန်တော့်ရဲ့ အဆိုဟာ လွန်သွားတဲ့အပိုင်းပါ။ ဒါပေမယ့် ကျွန်တော်ဟာ ဒီမှာ ဒီ Agenda မှာ တက်လာတဲ့အခါ

ကျတော့ ဆွေးနွေးရမှာ၊ အဲ့ဒီမှာ ကျွန်တော်ကနေပြီးတော့ ဒါကတော့ ပြီးသွားလို့ မလိုအပ်လို့ဆိုတာမျိုး ဒါဟာနဲ့ဆိုရင် ကျွန်တော်တို့ စဉ်းစားစရာဖြစ်ပါတယ်။ ဒီအပိုဒ်ကိုပဲ နောက်တစ်ခု ကျွန်တော်တို့ (ခ)မှာလည်း အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်ရဲ့ မိမိတင်သွင်းသောအဆိုကို ရုပ်သိမ်းခွင့်တောင်းခံခြင်းအား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက နှုတ်ဖြင့်ကန့်ကွက်လျှင်ပင် ရုပ်သိမ်းခွင့် မပြုရဆိုပြီးတော့ ဒီလွှတ်တော်ထဲမှာ ကျွန်တော်တို့ ကြုံခဲ့ပါတယ်။ ဘာလဲဆိုတဲ့ အခါကျတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တစ်ယောက်က တင်သွင်းတဲ့အခါမှာ ပြန်ရုပ်တဲ့အခါမှာ ကျွန်တော်တို့ သီပေါလွှတ်တော်ကိုယ်စားလှယ် ပြန်ပြီးတော့ ရုပ်သိမ်းခွင့်မပြုနိုင်ပါဘူး။ ဥက္ကဋ္ဌကြီး ဒါမပေးပါနဲ့ ဆိုတာမျိုးလည်း ရှိခဲ့ပါတယ်။ ဒါပေမယ့် အဲဒီဟာတွေမှာ ကျွန်တော်တို့က ကျိုးကြောင်း ဆီလျော်တဲ့ တင်ပြတောင်းခံခြင်းဖြစ်ရင်တော့ ကျွန်တော်တို့ စဉ်းစားသင့်ပါတယ်လို့ ဒီအပိုဒ်လေးတွေနဲ့ ပတ်သက်ပြီးတော့ နောက် ဒီအဆိုတွေကို စောစောတုန်းက ကျွန်တော်တို့ ရက်ပေါင်း ၉၀ ဆိုတဲ့ နေရာမှာ ကျွန်တော်တို့ ခုနက တင်ပြခဲ့ပါတယ်။ ရက်ပေါင်း ၉၀ အတွင်းမှာ ပြန်ပြီးတော့ကျတော့ ဒီနည်းဥပဒေကို ကန့်ကွက်လို့ရပါတယ်။ ဆွေးနွေးလို့ရပါတယ်ဆိုပေမယ့်လို့ ၁၇၆ မှာ စောစောတုန်းက ပြောသလိုပဲ အဆိုနဲ့စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုပြီးသော ဆုံးဖြတ်ခြင်းနှင့် ဆန့်ကျင်သည့် ပြင်ဆင်ချက်မဖြစ်စေရဆိုပြီး ပါထားပါတယ်။ အဲဒီတော့ ဆန့်ကျင်သည့် ပြင်ဆင်ချက်မဖြစ်စေရ။ အခု ကျွန်တော်တို့က ကနေ့ ဆုံးဖြတ်လိုက်မယ်ဆိုရင် ဟိုမှာကျရင် ကျွန်တော်က ကန့်ကွက်လို့၊ ဘာဖြစ်လို့ ဒါနဲ့တင် ဆန့်ကျင်ဘက်ဖြစ်နေမယ်။ ဒါဘယ်လိုမှ အကျုံးမဝင်တော့ဘူးလို့ ကျွန်တော်သုံးသပ်ပါတယ် ခင်ဗျား။ အဲဒီလိုမြင်တာ။ နောက် ကျွန်တော်တို့ အမြင်နဲ့ နောက်ဒီဟာတွေကို အခုလို တင်ပြခြင်းဟာလည်းကျွန်တော့်ရဲ့ ဉာဏ်မီသလောက် ဆွေးနွေးပြီးတော့ တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကနေ့ ဥပဒေကြမ်းကော်မတီကလည်း ပြောပါတယ်။ ကနေ့ ဥက္ကဋ္ဌကြီးက မြန်မြန်ပြီးအောင်လုပ် ဘတ်ဂျက် လွှတ်တော်အတွက်အရေးကြီးတယ်။ ဟုတ်ပါတယ်။ အဲ့ဒီလိုဆိုတော့ ဒီဟာတွေဟာ လွှတ်တော်ကိုယ်စားလှယ်တွေမှာ တာဝန်ရှိတယ်လို့ ကျွန်တော်က ခံယူပါတယ်။ ခံယူတော့ကျတော့ လွှတ်တော်ကိုယ်စားလှယ်တွေမှာ ဒီနည်းဥပဒေတွေကို တကယ်အကျေအလည် သူတို့ သုံးသပ်သင့်ပါတယ်။ သုံးသပ်ပြီး ဆွေးနွေးသင့်တယ်ဆိုတော့ ကျန်တဲ့အပိုင်းတွေမှာတော့ အတည်ပြုလိုက်ပြီးရင် ဒီအပိုဒ်လေးတွေများ ကျွန်တော်တို့ ချန်ပြီးတော့ သို့မဟုတ်ရင် ခုနကပြောသလို ပုဒ်မနဲ့ သွားပြီးတော့ မကိုက်ညီဘဲနဲ့နေမှာစိုးလို့ ရက်ပေါင်း ၉၀ အတွင်း ဆွေးနွေးခွင့်ရှိတယ်ဆိုလို့ အဲဒီအပိုဒ်လေးကို ခွင့်ပြု

နိုင်ရင်ခွင့်ပြုပါ။ သို့မဟုတ်ရင် ကျွန်တော်က ဒီအပိုဒ်ကြီးအလိုက် ကျွန်တော်တို့ ကန့်ကွက်စရာမရှိပါဘူး။ ဒါပါပဲခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုလို လွှတ်တော်ဥပဒေ၊ လွှတ်တော်ဆိုင်ရာနည်းဥပဒေတွေကို စိတ်ဝင်စားပြီးတော့ဆွေးနွေးသုံးသပ်ပေးတဲ့အတွက်လည်း ကျွန်တော်တို့ အသိအမှတ်ပြုရမှာပါ။ အဲ့ဒီအတိုင်းပဲ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးကလည်း မိမိတို့ကလွှတ်တော်ကိုယ်စားလှယ်များဖြစ်တဲ့အတွက် မိမိတို့ကျင့်သုံးဆောင်ရွက်ရမယ့်ဥပဒေ၊ နည်းဥပဒေများကိုလည်း အားလုံးကျေကျေညက်ညက်သိထားတာအကောင်းဆုံးပါပဲ။ ခုနက ဆွေးနွေးသွားသလိုပေါ့လေ။ ဒီ နည်းဥပဒေကို သဘောအရပြောမယ်ဆိုရင် ကျွန်တော်တို့က နယကလက်ထက်ကထုတ်ပြန်ထားတဲ့ဥပဒေရှိပါတယ်။ နည်းဥပဒေရှိပါတယ်။ အဲ့ဒီနည်းဥပဒေကို ကျွန်တော်တို့ကဆက်လက်ပြီးတော့ ကျင့်သုံးမယ်ဆိုလို့ရှိရင် လက်ရှိကျွန်တော်တို့ဆောင်ရွက်နေတဲ့အတွေ့အကြုံနှင့် လုပ်ငန်းတွေနဲ့မအပ်စပ်နိုင်တဲ့အတွက် ဥပဒေအသစ်ပြဋ္ဌာန်းပါတယ်။ ဘယ်အပေါ်မှာပြဋ္ဌာန်းလဲ။ ပြီးခဲ့တဲ့ဥပဒေအဟောင်းပေါ်အခြေခံပြီး ဥပဒေသစ်ပြဋ္ဌာန်းပါတယ်။ ပြဋ္ဌာန်းတဲ့ဥပဒေကပြီးသွားပြီ။ သို့ရာတွင် ကျွန်တော်တို့ ပြဋ္ဌာန်းတဲ့ဥပဒေပြီးပေမယ်လို့ နည်းဥပဒေကမပြီးသေးဘူး။ မပြီးသေးတဲ့အတွက် ကျွန်တော်တို့ကဥပဒေတော့ပြဋ္ဌာန်းပြီးပြီ။ အရင်က နည်းဥပဒေနဲ့ပဲကျင့်သုံးနေရတဲ့ သဘောရှိပါတယ်။ အဲ့လိုဆို့လို့ရှိရင်လည်း သဘာဝမကျဘူး။ မကျတဲ့အတွက် နည်းဥပဒေကို ကျွန်တော်တို့ထုတ်ပါတယ်။ ထုတ်ပြီးတဲ့အခါမှာ ကျွန်တော့်စေတနာအရပေါ့လေ။ ဒါကို ကျွန်တော် လွှတ်တော်ကိုတင်ပြမယ်။ လွှတ်တော်က ဒီအပေါ် ဝေဖန်အကြံပြုဆွေးနွေးစရာ၊ ပြင်ဆင်အဆိုပြုစရာရှိရင်လက်ခံမယ်။ လက်ခံပြီးတဲ့အခါမှာ အတည်ပြု ထုတ်ဝေမယ်။ ဒီလို ကျွန်တော်က ရည်ရွယ်ပြီးတော့ ဒီနည်းဥပဒေကို လွှတ်တော်ကိုတင်ပြတာပါ။ သူရဲ့ လုပ်နည်းအတိုင်းဆိုလို့ရှိရင် ဥပဒေပြီးလို့ရှိရင် နည်းဥပဒေထုတ်ပြန်မယ်။ ထုတ်ပြန်ပြီး နည်းဥပဒေအတိုင်းပဲ ဆက်ပြီးကျင့်သုံးသွားပါမယ်။ အဲ့ဒီအခါမှာ ခုနက ကျင့်သုံးတဲ့နေရာမှာ ဒါတော့ သင့်တယ်၊ မသင့်ဘူးဆိုတာကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြန်သုံးသပ်ပြီးတော့ ရက်ပေါင်း ၉၀ အတွင်းတင်ပြလို့ရပါတယ်။ သို့ရာတွင် ကျွန်တော်ကတော့ လွှတ်တော်ကိုလည်းအလေးထားတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း ကျွန်တော်တို့ပြဋ္ဌာန်းလိုက်တဲ့ဥပဒေ၊ နည်းဥပဒေကိုလည်းသိစေချင်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော် လွှတ်တော်ကိုပြန်တင်ပြတာပါ။ အဲ့တော့ မတင်ပြရင်ရော ဒီနည်းဥပဒေကို ကျင့်သုံးလို့မရဘူးလားဆိုရင် ကျင့်သုံးလို့ရပါတယ်။ ကျင့်သုံးလို့ရတဲ့အချိန်မှာပဲ ခုနက ရက်ပေါင်း ၉၀ အတွင်းမှာ ဒါကိုပြန်ပြီးတော့ ပြင်ဆင်အဆိုပြုလို့လည်းရပါတယ်။ ဒီအတိုင်း ကျွန်တော်တို့က

မကျင့်သုံးဘူးဆိုလို့ရှိရင် ရှေ့ဆက်ပြီးတော့ အခုဘတ်ဂျက်အစည်းအဝေးအပါအဝင် ကျန်တဲ့ ကိစ္စတွေမှာ ကျွန်တော်တို့လွှတ်တော်အတွက် အခက်အခဲရှိပါတယ်။ ဒီထဲမှာပြန်ပြီးတော့ ကြည့်မယ်ဆို လို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အရင်ဥပဒေမှာမရှိပါဘူး။ လွှတ်တော်ရုံးများဖွဲ့စည်းဖို့ ပြီးလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့လွှတ်တော်နယ်မြေအတွင်းမှာ အတူရှိနေကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံ ပြည်သူများညှိနှိုင်းပြီးတဲ့အခါမှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ဖို့အတွက် လွှတ်တော်က ပြည်သူ့ရန်ပုံငွေသတ်မှတ်ဖို့ဆိုတာ ဒီထဲမှာထည့်ထားပါတယ်။ အဲ့ဒါသည်လည်း ခုနက အိန္ဒိယနိုင်ငံမှာကျင့်သုံးနေတဲ့ ကျင့်သုံးမှုပဲဖြစ်ပါတယ်။ ဒါဘာလဲဆိုရင် အိန္ဒိယနိုင်ငံမှာ လွှတ်တော်ရုံး တွေရှိတယ်။ လွှတ်တော်ရုံးတွေဖွင့်ဖို့ တရားဝင်ခွင့်ပြုထားတယ်။ အဲ့ဒီ လွှတ်တော်ရုံးတွေနဲ့ပဲ အခုလို လွှတ်တော်အစည်းအဝေးတက်နေတဲ့အချိန်မှာ လွှတ်တော်ရုံးတွေနှင့် လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဆက်သွယ်တယ်။ ဆောင်ရွက်တယ်။ အဲ့ဒီအတိုင်းပဲ အဲ့ဒီလွှတ်တော်ကိုယ်စားလှယ်တွေက သက်ဆိုင်ရာ နယ်မြေမှာပြည်သူများအတွက် ဖွံ့ဖြိုးရေးရန်ပုံငွေတွေသတ်မှတ်ပေးတာရှိပါတယ်။ အဲ့ဒီ သတ်မှတ်ပေး တဲ့ငွေတွေကို ကျွန်တော်တို့နိုင်ငံမှာဆိုရင်တော့ ပြည်သူ့လွှတ်တော်ရှိတယ်။ အမျိုးသားလွှတ်တော် ရှိတယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တွေရှိတယ်။ အဲ့ဒီလူတွေ အဲ့ဒီပုဂ္ဂိုလ်တွေနဲ့ နယ်မြေခံပြည်သူလူထုနဲ့ညှိနှိုင်းပြီးတဲ့အခါမှာ တကယ်လိုအပ်နေတဲ့နေရာတွေကို အဲ့ဒီငွေနဲ့သုံးဖို့ ငွေကိုင်ဖို့မဟုတ်ဘူး။ အဲ့ဒီငွေနဲ့သုံးဖို့ လွှတ်တော်ကိုယ်စားလှယ်တွေအတွက် ဒီလိုအခွင့်အရေးတွေကို ဒီမှာထည့်ထားတယ်။ ထည့်ထားတဲ့အတွက် ဒီဟာကို ကျွန်တော်တို့က မကျင့်သုံးဘူး။ အတည်မပြုဘူး ဆိုလို့ရှိရင် ခုနက ဒီကိစ္စတွေ ကျွန်တော်တို့ ဘာမှဆက်လုပ်လို့ရနိုင်မယ့်အနေအထားမရှိဘူး။ ဒါကြောင့်မို့လို့ ဒီနည်းဥပဒေကို အလျင်အမြန်လွှတ်တော်ထဲမှာတင်ပြပြီးပြဋ္ဌာန်းပေးမယ်။ ကျွန်တော် တစ်ယောက်တည်း လက်မှတ်ထိုးထုတ်လို့ရပေမယ်လို့ လွှတ်တော်ကိုကျွန်တော်တင်ပြမယ်။ တင်ပြတဲ့ အခါမှာ လွှတ်တော်အနေနဲ့စဉ်းစားပြီး ပြင်စရာရှိတာပြင်ပေးနိုင်အောင် ဒါကြောင့်မို့လို့ အချိန်ကိုလည်း ကျွန်တော်တို့က လွှတ်တော်အမီဖြစ်တဲ့အတွက် ဘယ်ရက်မှာပြင်ဆင်ချက်အဆိုပေးပါ။ ဒီလို တောင်းလိုက်တာပါ။ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ဥပဒေရှိပြီးပြီ။ နည်းဥပဒေလည်းပြောမယ် ဆိုရင် ထုတ်ပြန်ပြီးပြီ။ သို့ရာတွင် ထုတ်ပြန်ပြီးပြီဆိုတဲ့ နည်းဥပဒေကိုပဲ ကျွန်တော်လွှတ်တော် ကိုတင်ပြ ပြီးတော့မှ လွှတ်တော်ရဲ့အတည်ပြုချက်၊ လွှတ်တော်ရဲ့အကြံပြုပေးချက်နဲ့ထုတ်မယ်။ ဒါဆိုလို့ရှိရင် ပိုပြီးတော့ကောင်းမယ်ဆိုတဲ့ အနေအထားနဲ့တင်ပြခြင်းဖြစ်ပါတယ်။ အဲ့လိုပဲ ဒီနေ့ ကျွန်တော်တို့

လောနေတဲ့ကိစ္စတွေရှိပါတယ်။ ဘဏ်ဥပဒေလည်း မနေ့ကပြီးသွားပြီ။ ဒီဘဏ်ဥပဒေကို စိစစ်တဲ့နေရာမှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီတစ်ခုတည်းမဟုတ်ဘဲနဲ့ ဥပဒေကြမ်းပူးပေါင်း ကော်မတီနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနကိုယ်စားလှယ်တွေနဲ့ ပညာရှင်တွေနှင့် စိတ်ဝင်စားသူတွေနဲ့ လုပ်လိုက်တဲ့အတွက် ပြီးသွားတယ်။ ဒီဘဏ်ဥပဒေမပေါ်ပေါက်ဘူးဆိုလို့ရှိရင် ကျွန်တော်တို့ ဆက်ပြီးတော့ မြန်မာနိုင်ငံရဲ့ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာကိစ္စတွေကိုလုပ်နိုင်မယ့် အနေအထားမရှိဘူး။ ဒါကြောင့်မို့လို့ အမြန်ဆုံးပြဋ္ဌာန်းပေးဖို့ FDI လည်းဒီအတိုင်းပဲ။ FDI နဲ့ပတ်သက်လို့ FDI Law ပြီးသွားပြီ။ Rule နှင့်ပတ်သက်လို့ ကျွန်တော်တို့အမြန်ဆုံးထုတ်ပြန်ပေးဖို့ ဒါမှသာ ဒီ လွှတ်တော်အတွင်းမှာ အတည်ပြုနိုင်မှာဖြစ်ပါတယ်။ စသည်ဖြင့်ပေါ့လေ။ ကျွန်တော်တို့အရေးကြီးတဲ့ဟာတွေကို အမြန်ဆုံးပြဋ္ဌာန်းခိုင်းတဲ့နေရာမှာ ဥပဒေကြမ်းကော်မတီဆို တအားပင်ပန်းပါတယ်။ တကယ်အလုပ်လုပ်ရင် တကယ်ပင်ပန်းပါတယ်။ တကယ်စေတနာထားရင် တကယ်ပင်ပန်းပါတယ်။ ဒီကော်မတီတွေမှာသွားပြီးတော့ နေရာယူကြည့်ပါ။ ကျွန်တော်တို့အနေနဲ့လည်း လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိရဲ့လွှတ်တော်လုပ်ငန်းတွေကို အားလုံးစိတ်ဝင်စားပြီးတော့ အလေးထားဆောင်ရွက်စေလိုပါတယ်။ ကျွန်တော်တို့လုပ်ရမှာက ဒီနေ့ပြောနေတယ်။ ဒီနေ့ဆွေးနွေးတယ်ဆိုတာ ဥပဒေပြုဖို့အတွက် အခြေခံဆွေးနွေးနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က မြန်မြန်လုပ်ပါဆိုတာက ဒီဟာကို ခုနကဖြစ်ကတတ်ဆန်းဖြစ်အောင်လုပ်တာမဟုတ်ဘဲနဲ့ ဒီဥပဒေကို ကျင့်သုံးနိုင်အောင် အခြားဥပဒေများကိုကျင့်သုံးနိုင်အောင် မြန်မြန်တာဝန်ပေးလုပ်ဆောင် ခိုင်းတဲ့အတွက် သူတို့လည်း အခက်အခဲတွေအများကြီးရှိပါတယ်။ အင်မတန်လည်း ပင်ပန်းပါတယ်။ ရုံးပိတ်ရက်တင်မကဘူး။ ညအထိလုပ်ရတာလည်း အားလုံးအသိပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဦးစိုးဝင်းတင်ပြဆွေးနွေးတာအတွက်လည်း ကျွန်တော်တို့အသိအမှတ်ပြုပါတယ်။ ကျွန်တော်လည်း ဒါမျိုးလိုလားပါတယ်။ ဥပမာ မနေ့ကတုန်းက ဘဏ်ဥပဒေဆိုလို့ရှိရင် ဒီလိုပဲဆွေးနွေးမှု အကြံပြုမှုကို လက်ခံလိုက်တဲ့အတွက် ကောင်းမွန်တဲ့ဥပဒေတစ်ခုဖြစ်သွားတယ်။ ရှေ့နောက်လျော်ညီတဲ့ ဥပဒေတစ်ခု ဖြစ်သွားတယ်။ ဒါတောင် ဒီနေ့ပြန်ပြီးတော့ ရှင်းပြရမယ်။ မနေ့ကတော့ ဆုံးဖြတ်လိုက်ပြီ။ သို့ရာတွင် တကယ်လို့များ ဘဏ်ဥက္ကဋ္ဌမရှိဘူး။ ဒုတိယဥက္ကဋ္ဌများမရှိဘူးဆိုလို့ရှိရင် ကျွန်တော်တို့ ပြဋ္ဌာန်းလိုက်တဲ့ ဟာသည် ပြဿနာများရှိမလားဆိုတဲ့ Issue တစ်ခုပေါ်ပါတယ်။ ပေါ်လာတဲ့အတွက် မနက်ကပဲ ဒီ Issue ပေါ်တဲ့အတွက် ကျွန်တော် ဒုတိယဥက္ကဋ္ဌကိုတာဝန်ပေးပြီးတဲ့အခါမှာ ဒီလိုတော့ပေါ်လာပြီ။ ဒါကြောင့်မို့လို့ မနေ့ကလာတဲ့ ဒုတိယဝန်ကြီးကို အဆက်အသွယ်လုပ်ပါ။ လိုမယ်ဆိုခေါ်ပါ။ ခေါ်ပြီးတဲ့အခါမှာ ဒီမှာညှိပါ။ မနေ့

ကတော့ ပြဋ္ဌာန်းလိုက်ပြီ။ ဒါပေမယ့် ဒီလိုပေါ်လာတယ်။ ပေါ်လာတဲ့အတွက် ဘဏ္ဍာဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများမရှိဘူးဆိုရင် ကျန်တဲ့လူနဲ့ အစည်းအဝေးမလုပ်ရဆိုတဲ့ အနေအထားဖြစ်တဲ့အတွက် နောက်ဆက်တွဲပြဿနာ ဘာတွေများပေါ်နိုင်မလဲမေးပါဆိုတဲ့အခါမှာ နောက်ဆုံးအဖြေကတော့ မနေ့ကဟာကောင်းပါတယ်။ သူကိုယ်တိုင်လည်းအတည်ပြုပြီးပြီ။ ဘာကြောင့်လဲ။ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ လုံးဝတစ်ပြိုင်တည်းမရှိနိုင်ဘူးဆိုတာမဖြစ်နိုင်ဘူး။ တကယ်လို့ သူတို့ မရှိကြတော့ဘူးဆိုလို့ရှိရင် လည်း ကျွန်တော်တို့ ဒါကာလတစ်ခုဖြစ်သွားပြီးတော့ ဘဏ္ဍာဥက္ကဋ္ဌတစ်ဦး တစ်ယောက်စသည်ဖြင့် ဒါတွေထပ်ပြီးတော့ရွေးဖို့ပဲလိုတယ်။ ဒါကြောင့်မို့လို့ ဒီဟာကောင်းပါတယ်။ ဒါအတည်ဖြစ်ပါတယ် လို့လည်း ဒုတိယဝန်ကြီးက ဒီလို ပြန်ပြောပါတယ်။ ဒီဥပဒေကို ကိုင်တွယ် ကျင့်သုံးမယ့် ဒုတိယဝန်ကြီး ပြည်ထောင်စုအဆင့်က ဒီလို ပြန်ပြောပါတယ်။ ကျွန်တော် ဒီမှာပြန်ပြီး ဒါလေးဆွေးနွေးတာက ကျွန်တော်တို့ အချိန်ယူပြီးတော့ ကြိုးစားပြီးဆောင်ရွက် နေတာဟာ ကျွန်တော်တို့ပြုလိုက်တဲ့ဥပဒေဟာ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားကို ဖြစ်စေသော ကာကွယ်ပေးသောဥပဒေများဖြစ်ပါတယ်။ ကျွန်တော်ပြောပြောနေတာ လူပုဂ္ဂိုလ်အတွက် မဟုတ်ဘူး။ အဖွဲ့အစည်းတစ်ခုအတွက်မဟုတ်ဘူး။ ပြောမယ်ဆိုရင် အုပ်ချုပ်တဲ့အစိုးရအတွက်လည်း မဟုတ်ဘူး။ တချို့ တချို့သောနေရာမှာ နိုင်ငံနှင့် နိုင်ငံသားများအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်တဲ့ဥပဒေမဟုတ်ဘဲနဲ့ အဖွဲ့အစည်းတစ်ခုအတွက် ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေများ ဖြစ်ခဲ့တဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာဖြစ်ပေါ်ခဲ့တဲ့ အနေအထား တွေအားလုံး သုံးသပ်လို့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ တည်ဆဲဥပဒေများကို ပြန်လည်လေ့လာ သုံးသပ်ပြီး ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ပြဋ္ဌာန်းရန်အတွက် ကျွန်တော်တို့ ကြိုးစားပြီး လုပ်နေတာ ပါ။ ဘယ်လောက်ခက်ခဲသလဲဆိုတာလည်း အားလုံးအသိပဲဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းပဲ ကျွန်တော်တို့ ပြောရမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဒီဝန်ထမ်းအဖွဲ့အစည်းများက အရင်ကာလ၊ အရင်အခြေအနေပေါ်ရဲ့ အနေအထားကိုပဲကြည့်ပြီးစဉ်းစားတဲ့အခါမှာ ဌာနဘက်က အသာစီးရနိုင်သောဥပဒေများ၊ နည်းဥပဒေများရှိနေသေးတယ်။ ဒါကို ကျွန်တော်တို့ ကိုယ်စားလှယ် တွေသိပါတယ်။ အဲ့ဒီ ဥပဒေမျိုးဆိုလို့ရှိရင် ကျွန်တော်တို့က ပြည်သူ့ဘက်ကအကာအကွယ်ပေးတဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ အမိန့်တွေ၊ ကြော်ငြာစာတွေ၊ ညွှန်ကြားချက်တွေရှိဖို့ပဲလိုပါတယ်။ ဒါဟာ ကျွန်တော်က ကြားကောင်းအောင် ပြောနေတာမဟုတ်ဘဲနဲ့ တကယ့်လွှတ်တော်ရဲ့သဘောသဘာဝနှင့် လွှတ်တော်ကိုယ်စားလှယ်များထားရမယ့် စိတ်စေတနာပဲဖြစ်ပါတယ်။ ဘာကြောင့်လဲ ကျွန်တော်တို့က ပြည်သူ့ကိုယ်စားလှယ်တွေ လေ ဒီနေ့လည်း ဘယ်သူ့အတွက်လုပ်နေလဲ။ ပြည်သူ့အတွက်လုပ်ရမှာပဲ။

ပြည်သူ့အတွက်လုပ်ပေးတယ်ဆိုရင် နိုင်ငံတော်အတွက်လုပ်ပေးတာပဲ။ နိုင်ငံတော်ဆိုတာ ပြည်သူတွေပါမှဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခု ဦးစိုးဝင်းက ဒီလိုဆွေးနွေးတဲ့အတွက်လည်း ကျွန်တော့်အနေနဲ့လည်း ဒီလိုပြန်ပြီးတော့ရှင်းပြီးပြောရတဲ့အတွက် ကျွန်တော့်အတွက်လည်း စိတ်ကျေနပ်မှုရှိပါတယ်။ အဲ့ဒီအတိုင်းပဲ ဒီနေ့ ကျွန်တော်တို့က ဒီလိုဆွေးနွေးညှိနှိုင်းပြီးတော့ အခြေအတင်တွေပြောနေတဲ့နေရာမှာ တချို့ကျတဲ့အခါကျတော့ လွှတ်တော်ကိုယ်စားလှယ်တွေက လေပဲပေးနေတယ်။ အာလူးပဲဖုတ်နေတယ်။ အချိန်တွေဖြုန်းနေတယ်။ အလုပ်လုပ်တာမဟုတ်ဘူးဆိုပြီးတော့ ဒီလိုပြောဆိုသုံးနှုန်းနေတာတွေကို ကြားနေရတာရှိပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေ ဘာတွေလုပ်နေလဲ။ ဘယ်သူ့အတွက်လုပ်နေလဲ။ အဲ့လိုလုပ်တဲ့နေရာမှာ ဘယ်လိုအခက်အခဲတွေရှိတယ်ဆိုတာကို တကယ့် ပြည်သူစစ်သောပြည်သူကို ကျွန်တော်နားလည်ပါတယ်။ ဒါတွေလည်း ကျွန်တော်တို့က ဘာပဲဖြစ်ဖြစ် သတိပြုရမယ့်အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ထဲမှာ ခုနကစကား ပြန်ဆက်မယ်ဆို မေးခွန်းတွေမေးတယ်။ ပြီးခဲ့တဲ့အပတ်ကဆို မေးခွန်းပေါင်း ၈၀၀ ကျော် ကြယ်ပွင့်ပြမေးခွန်းတွေ အဲ့ဒါကို ပြီးခဲ့တဲ့လွှတ်တော် ပဉ္စမအကြိမ်မှာ ၈၀ ကျော်ပဲဖြေနိုင်တယ်။ ကျန်တဲ့ ၈၀၀ ကျော်ကျန်နေတယ်။ ကြယ်ပွင့်ပြမေးခွန်းက ၂၀၀ ကျော်ရှိတယ်။ အဲ့တော့ အဲ့ဒီမေးခွန်းတွေကိုပဲ ကျွန်တော်တို့က လွှတ်တော်ထဲမှာမေးတယ်။ ဖြေတယ်။ အဲ့ဒီဘက်အလုပ်တွေပိုနေတယ်။ ကျွန်တော်တို့က ကျန်တဲ့အရေးကြီးတဲ့ကိစ္စတွေကိုမလုပ်နိုင်ဘူး။ ဒီနေရာမှာလည်း ခုနကပြောသလိုပဲ ကျွန်တော်တို့

**ဥက္ကဋ္ဌ**။ ။ ဦးစိုးဝင်း ထိုင်ပါခင်ဗျ။ ထိုင်ပါ။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာလည်း ကျွန်တော်တို့ အဆိုတွေတင်ပါတယ်။ မေးခွန်းတွေလည်း တင်ပါတယ်။ ကျွန်တော်ပြောပြီးပါပြီ။ မေးခွန်းနှင့်ပတ်သက်လို့ ပြည်သူ့ရဲ့ဆန္ဒ၊ ပြည်သူ့ရဲ့သဘောထားများကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်း သို့မဟုတ်လို့ရှိရင် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့တွေကသိဖို့လိုတယ်။ မေးတာနှင့်ပတ်သက်ရင် မေး။ အားလုံး ကျွန်တော်ပို့ပေးတယ်။ မေးခွန်းနှင့်ပတ်သက်လို့ မေးခွန်းတွေ၊ အဖြေတွေပြန်လာပြီဆိုတဲ့အခါမှာ ဒီအဖြေနှင့် ဒီမေးခွန်းနဲ့က တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ရေး၊ ပြီးတဲ့အခါမှာ ကျွန်တော်တို့ အမျိုးသားသင့်မြတ်ရေးကို ထိခိုက်စေသောကိစ္စမျိုးဆိုရင် အဲ့ဒီမှာပုံစံတစ်မျိုးနဲ့ပြန်စဉ်းစားရပါတယ်။ အဆိုကျလို့ရှိရင်လည်း ကျွန်တော်အဆိုကိုစိစစ်တယ်။ ဒီအဆိုတင်လိုက်တယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်ရဲ့ဂုဏ်သိက္ခာ၊ လွှတ်တော်ရဲ့ဂုဏ်သိက္ခာ ပြီးတဲ့အခါမှာ ဒီအဆိုအောင်မြင်သွားလို့ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့

အစည်းအတွက် အခက်အခဲဖြစ်သွားမယ်ဆိုလို့ရှိရင် ဒီအဆိုတွေမတင်သင့်ဘူး။ ဥပမာ ဒီနေ့ ဦးကြည်သာပြောတဲ့မေးခွန်း မူလအဆိုပါ။ ဒီအတိုင်းပဲ ဦးသိန်းလွင် ဒီနေ့မရှိဘူး။ ဦးသိန်းလွင် မူလအဆိုပါ။ ကျွန်တော် ဒုတိယဥက္ကဋ္ဌကိုခေါ်ပြီးတော့ ဆွေးနွေးခိုင်းတယ်။ ဒီအဆိုအောင်မြင်သွား လို့ရှိရင် အစိုးရအဖွဲ့မှာအကြပ်အတည်းဖြစ်မယ်။ အခက်အခဲဖြစ်မယ်။ မလုပ်နိုင်တဲ့ကိစ္စကို အကြပ်အတည်း အခက်အခဲဖြစ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့လွှတ်တော်အပေါ်လည်း အမြင်က မကောင်းဘူး။ အဲ့လိုဟာတွေ မမေးပါနဲ့။ အဆိုတွေ မတင်သွင်းပါနဲ့။ ခေါ်ပြီး ကျွန်တော် ဆွေးနွေးပါတယ်။ ကျွန်တော့်ကိုယ်စား ဒုတိယဥက္ကဋ္ဌကခေါ်ပြီးတော့ဆွေးနွေးတယ်။ ဆွေးနွေးတဲ့အခါမှာ တချို့ကျတော့ ဒီအဆိုတွေမတင်တော့ပါဘူး။ မေးခွန်းအဖြစ်ပြောင်းမယ်ဆိုပြီး ဒီလိုမေးတာပါ။ ဒီနေ့ မေးခွန်း မေးလိုက်တဲ့အခါမှာ ဖြေသွားတာနဲ့ဆိုလို့ရှိရင် ဒါကြားတဲ့အတိုင်းပါပဲ။ ကျေနပ်စရာမရှိဘူးဆိုတာထက် စိတ်မကောင်းစရာတွေပဲကြားလိုက်ရပါတယ်။ အဲ့ဒါမျိုး ကျွန်တော်တို့က အဆိုအဖြစ်တင်သွင်း လိုက်မယ်။ အဆိုအောင်မြင်သွားတယ်ဆိုလို့ရှိရင် အစိုးရအနေနဲ့ အုပ်ချုပ်ရေးအဖွဲ့အနေနဲ့ များစွာအခက်အခဲရှိမယ်။ ဒါကြောင့်မို့လို့ ဒီဟာမျိုးတော့ အဆိုမလုပ်ပါနဲ့ မေးခွန်းပြောင်းပါဆိုပြီးတော့ မေတ္တာရပ်ခံပါတယ်။ အဲ့ဒီမှာ တချို့လည်း ဒါကိုလက်ခံတာရှိတယ်။ တချို့ကျတဲ့အခါကျလည်း ဒါနှင့် ပတ်သက်ပြီးတော့ ကျွန်တော့်ဆီပြန်ပြီးရောက်လာတာရှိတယ်။ ကျွန်တော်ပြန်ပြီးတော့လည်း ရှင်းပြ တယ်။ ကျွန်တော်တို့လုပ်တာစေတနာနဲ့ စေတနာကဒီလိုပါ။ ရှင်းပြတဲ့အခါမှာ နောက်ဆုံး ဒီလိုပဲ ပြန်ဖြစ်တယ်။ အဲ့ဒီတော့ ကျွန်တော်တို့က မေးခွန်းနှင့် အဆိုနဲ့တင်ပဲ ဒီဟာမေးဖို့ မမေးဖို့ကိုပဲ ခုနက အကုန်လုံးလိုက်ပြီးတော့ ဒီကြားထဲမှာ နောက်ပိုင်းမှာရှိပါတယ်။ ဒါတွေဆွေးနွေးနေမယ်ဆိုလို့ရှိရင် ကျွန်တော်တို့လွှတ်တော်ထဲမှာ ကျန်တဲ့လုပ်ငန်းတွေမလုပ်ဘဲနဲ့ အရေးကြီးတဲ့ကိစ္စတွေကျန်သွားမယ်။ ဒါကြောင့်မို့လို့ ကျွန်တော် တစ်ခါပြောမိပါသေးတယ်။ ဘာလဲဆိုရင် ဒီမေးခွန်းဟာ တစ်နိုင်ငံလုံးနဲ့ ဆိုင်တဲ့မေးခွန်းမျိုးဆိုရင်ကောင်းတယ်။ ကိုယ့်အတွက် ဒေသလေးတစ်ခုတည်းအတွက် အင်မတန်မှ မကြီးကျယ်တဲ့ကိစ္စကို ကြီးကျယ်အောင်လုပ်ပြီးတော့ မေးတယ်ဆိုလို့ရှိရင်လည်း မကောင်းဘူး။ ဘာကြောင့်လဲ။ လွှတ်တော်အချိန်တွေဖြုန်းရာရောက်တယ်။ ဒါကြောင့်မို့လို့ ကောင်းတဲ့မေးခွန်းတွေ မေးပါ။ အရေးကြီးတဲ့မေးခွန်းတွေမေးပါ။ တစ်ဖက်ကျတဲ့အခါကျတော့လည်း သူ့မှာဒီမေးခွန်းမှ မမေး ဘူးဆိုရင် ကျန်တာမရှိတဲ့အတွက် ဒီလိုမေးလာတဲ့အတွက် မေးပါဆိုပြီးတော့ ဒီလိုခွင့်ပြုထားတယ်။ အဲ့ဒီတော့ မေးခွန်းတွေကလည်း ဒီတစ်ပတ်မေးထားတဲ့မေးခွန်း ဒီတစ်ပတ်လွှတ်တော်မှာလည်း မဖြေ နိုင်သေးပါဘူး။ သေချာပါတယ်။ အဲ့ဒီအခါကျတော့ ကျွန်တော်က လွှတ်တော်အခွင့်အရေးမဆုံးရှုံး

အောင်ဆိုပြီး ဒါတွေကျတော့ ဒီအတိုင်းမထားဘူး။ စာနဲ့ဖြေ။ ဖြေပြီးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်တွေဆီရောက်၊ ကြားမှာရှိတဲ့လွှတ်တော်အခွင့်အရေးကော်မတီနဲ့ ကတိနှင့် တာဝန်ခံချက်များကော်မတီကတစ်ဆင့်မှတ်တမ်းတင် ဒါကို ကတိကဝတ်ဖြစ်အောင်လုပ်ဆိုတဲ့အနေအထားဖြစ်ပါတယ်။ အဲ့တော့ ဒါ ကျွန်တော်ပြန်ရှင်းပြနေတာက အဲ့လိုဖြစ်နိုင်ဖို့အတွက်လည်း လွှတ်တော်ဥက္ကဋ္ဌမှာ ခုနက ဥပဒေကပြဋ္ဌာန်းပေးထားတာပါ။

ဥပဒေကပြဋ္ဌာန်းပေးထားတဲ့ အမိန့်နဲ့အမိန့်တည်စေဖို့အတွက် အခွင့်အာဏာတွေမရှိဘူးဆိုလို့ရှိရင် ကျွန်တော် ဒီနေ့ ဒီလိုလုပ်နိုင်တာဟာလည်း ဒီအခွင့်အာဏာတွေရှိလို့ ကျွန်တော် ဒီနေ့ဒီလိုလုပ်နိုင်တာ။ နောက်တစ်ယောက်လည်း ဒီလိုအခွင့်အာဏာရှိရင် နောက်တစ်ယောက်လည်း ဒီလိုလုပ်နိုင်မှာသေချာပါတယ်။ ဘယ်ကိစ္စမဆို တာဝန်ရယ်၊ လုပ်ပိုင်ခွင့်ရယ်၊ အခွင့်အရေးကမျှမျှတတဖြစ်ဖို့လိုတယ်။ ကျွန်တော်ဥက္ကဋ္ဌမို့လို့ ဒီအခွင့်အရေးတွေလိုချင်လို့ ပြောနေတာမဟုတ်ဘူး။ ဒီဟာလည်း ကျွန်တော်သတ်မှတ်တာမဟုတ်ဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဥပဒေပဲပြုပြု ဘာပဲလုပ်လုပ် ရည်ရွယ်ချက်ကဘာလဲ။ အဲဒီ ရည်ရွယ်ချက်ကို တကယ်လုပ်လိုက်တဲ့အခါမှာ အဲဒီရည်ရွယ်ချက် တကယ်မြောက်သလား၊ မမြောက်ဘူးလား ပြန်သုံးသပ်ပြီးတဲ့အခါမှာ ဆက်ကာ ဆက်ကာ ဆောင်ရွက်ရမယ့်အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် နိဂုံးပြန်ချုပ်ပါမယ်။ ဦးစိုးဝင်း အခုလိုတင်ပြတာကို ကျွန်တော်တို့ လက်ခံတယ်။ ကြိုဆိုတယ်။ ဒီပေါ် မူတည်ပြီးတော့ ကျွန်တော်တို့လည်း လွှတ်တော်ရဲ့အခြေအနေအရပ်ရပ်ကို ရှင်းပြခွင့်ရတဲ့အတွက်လည်း ကျွန်တော်အတွက်လည်း စိတ်ထဲမှာပိုပေါ့သွားတယ်။ အဲ့ဒီအတိုင်းပဲ ဥပဒေကြမ်းကော်မတီတို့၊ အခွင့်အရေးကော်မတီတို့ ဘက်ကလည်း သူတို့ဒီမှာဘာတွေလုပ်တယ်ဆိုတာလည်း ပေါ်လွင်သွားတာပေါ့။ ဒါကြောင့်မို့လို့ အကယ်လို့များ ပြင်ချင်သေးတယ်ဆိုလို့ရှိရင် ရက်ပေါင်း ၉၀ ဆိုတာရက်တွေ ကျန်ပါသေးတယ်။ အဲဒီကျလို့ရှိရင် ထပ်ပြီးပြင်နိုင်ပါသေးတယ်။ အခုဟာကတော့ ဒီဟာနဲ့ပတ်သက်ပြီးတော့ တကယ်လက်တွေ့လုပ်နိုင်အောင် အမြန်ဆုံးဖြစ်ဖို့ကို ကျွန်တော် လွှတ်တော်ကိုလေးလေးစားစား နဲ့ တင်ပြပြီးတော့ ဒီဟာကို ကျွန်တော် လတ်မှတ်ထိုးထုတ်တော့မယ်။ ပထမလတ်မှတ်ထိုးပြီးသားပါ ဒါကိုကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဆက်ပြီးလုပ်ပါမယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ ဒီရက်ပိုင်းမှာ ဥပဒေကြမ်းကော်မတီအနေနဲ့လည်း တအားပင်ပန်းတယ်ဆိုတာ ကျွန်တော်ကိုယ်တွေ့ပါပဲ။ ကျွန်တော်လည်းပြီးခဲ့တဲ့ တစ်ပတ်လုံး ရင်းနှီးမြှုပ်နှံမှုကော်မတီမှာရော အလုပ်တွေလုပ်နေတဲ့အပိုင်းမှာ ကျွန်တော်တွေ့ခဲ့ပါတယ်။

ဥပဒေကြမ်းကော်မတီအနေနဲ့ဟာ ဦးစိုးဝင်းရယ် ခင်ဗျားကခုမှ ဒီလိုမနက်ပိုင်းလာရတာ။ ကျွန်တော်တို့က မနက်ပိုင်းက ညမိုးချုပ်ထိအောင် ကျွန်တော်တို့ ဒီရက်ပိုင်းမှာ ၇နာရီ၊ ၇နာရီခွဲ ဒီလောက်ဖြစ်အောင်တွေ့နေရတဲ့အခါကျတော့ သိပ်ပြီးတော့ ပင်ပန်းတာကိုလည်း တွေ့နေတဲ့အခါကျတော့ အဲဒါအတွက်လည်း ခင်ဗျားတို့က ဝိုင်းစဉ်းစားပေးပါဗျာလို့ ဥပဒေကြမ်းကော်မတီက အဲဒါလေးလည်း ပြောပါတယ်ခင်ဗျ။ အဲဒီအတွက်လည်း အားလုံးစဉ်းစားနိုင်အောင် အားလုံးကိုယ်စားသူတို့လည်း သိပ်ပင်ပန်းပါတယ်တဲ့။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တဆက်တည်းပဲ ဦးစိုးဝင်းအနေနဲ့ အမှတ်စဉ် ၁၊ အမှတ်စဉ် ၂၊ အမှတ်စဉ် ၃၊ အမှတ်စဉ် ၄ နဲ့ပတ်သက်ပြီးတော့ အမှတ်စဉ် ၅၊ အမှတ်စဉ် ၆ ဒီအထိ ပယ်ဖျက်ပေးဖို့ ဦးစိုးဝင်းက တင်ပြထားပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီက သဘောထားပြောပါ။

**ဦးဘရှိန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီဝင်ဖြစ်တဲ့ ကျွန်တော်ဦးဘရှိန်က ဒီဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုတင်ပြပါ့မယ်။ စမ်းချောင်းမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းတင်ပြတဲ့ ပြင်ဆင်ချက်ဟာ ဒီဇယားမှာ ဖော်ပြထားတဲ့ အမှတ်စဉ် ၂၊ အမှတ်စဉ် ၃၊ အမှတ်စဉ် ၄၊ အမှတ်စဉ် ၅၊ အမှတ်စဉ် ၆ အမှတ်စဉ် ၈ တို့ပဲဖြစ်ပါတယ်။ အမှတ်စဉ် ၂၊ အမှတ်စဉ် ၃ တို့ဟာ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်တို့နှင့် သက်ဆိုင်ပါတယ်။ အမှတ်စဉ် ၄၊ အမှတ်စဉ် ၅၊ အမှတ်စဉ် ၆ တို့ကတော့ မေးခွန်းတွေနဲ့ သက်ဆိုင်ပါတယ်။ အမှတ်စဉ် ၈ ကတော့ အဆိုနဲ့သက်ဆိုင်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉ မှာ ဥက္ကဋ္ဌရဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ဖြစ်ပါတယ်။ ၁၉ (ဆ)၊ အမှတ်စဉ် ၂ ကတော့ ၁၉ (ဆ)၊ အမှတ်စဉ် ၃ ကတော့ ၁၉ (ည) ဖြစ်ပါတယ်။ အမှတ်စဉ် ၄ ကတော့ မေးခွန်းနဲ့စပ်ဆိုင်တဲ့ မေးခွန်းမေးမြန်းခြင်းနဲ့ စပ်လျဉ်းပြီးတော့ နည်းဥပဒေ ၁၄၀ (ဂ) ဖြစ်ပါတယ်။ အမှတ်စဉ် ၅ ကတော့ နည်းဥပဒေ ၁၄၀ (ဈ) ဖြစ်ပါတယ်။ အမှတ်စဉ် ၆ က နည်းဥပဒေ ၁၄၃ ဖြစ်ပါတယ်။ အမှတ်စဉ် ၈ ကတော့ အဆိုနဲ့ဆိုင်ပြီးတော့ နည်းဥပဒေ ၁၆၀ ဖြစ်ပါတယ်။ ဒီအချက်တွေကို လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုးဝင်းက ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီမှာ ဆွေးနွေးခဲ့ကြစဉ်က တင်ပြခဲ့ပါတယ်။ ကျွန်တော်တို့ကလည်း ပြန်လည်တင်ပြခွင့်ရလို့ ဆွေးနွေးတင်ပြ လိုက်ပါတယ်။ ရက်ပေါင်း ၉၀ အတွင်းမှာ ပြင်ဆင်နိုင်တယ်လို့ဆိုတဲ့အတွက်ကြောင့် ရက်ပေါင်း ၉၀ တောင်မပြည့်သေးဘူးဆိုပြီးတော့ ဆင်ခြေပေးတာ၊ ကျွန်တော်တို့ကို ဆွေးနွေးတာလည်းရှိပါတယ်။ ဒီလိုပဲ သီပေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းကလည်း ရက်ပေါင်း ၉၀ အချိန်ရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့

လွှတ်တော်က သတ်မှတ်လိုက်တဲ့အချိန်ဟာ မဟုတ်သလိုလို မမှန်သလိုလိုပဲ ကျွန်တော်တို့ကို ဆွေးနွေး၊ စာရေးတင်ပြခဲ့တာတွေလည်း ကျွန်တော်တို့ ဖတ်ရပါတယ်။ ရက်ပေါင်း ၉၀ ဆိုတာလည်း ကျွန်တော်တို့က အငြင်းမပွားပါဘူး။ သို့သော် ရက်ပေါင်း ၉၀ မပြည့်ခင် ကျွန်တော်တို့ ဒီနည်းဥပဒေတွေကို ပြီးစီးအောင်၊ ပြည့်စုံသွားအောင်၊ အဆင်ပြေသွားအောင် သက်ဆိုင်ရာ ကျွန်တော်တို့လွှတ်တော်က ပြဋ္ဌာန်းတဲ့ နည်းဥပဒေပဲဖြစ်ဖြစ်၊ တခြားဝန်ကြီးဌာနက ပြဋ္ဌာန်းတဲ့ နည်းဥပဒေတွေပဲဖြစ်ဖြစ်၊ ဒီနည်းဥပဒေတွေကို တကယ်လက်တွေ့အကောင်အထည်ဖော်တဲ့အခါမှာ သာ၍သာ၍ကောင်းအောင် မပြင်ဆင်နိုင်ဘူးလို့ ဟန့်တားထားတာမရှိပါဘူး။ ရက်ပေါင်း ၉၀ မတိုင်ခင် ကျွန်တော်တို့က အကောင်းဆုံး၊ အပြည့်စုံဆုံး ပြဋ္ဌာန်းလို့၊ ပြင်ဆင်လို့ ရပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက လွှတ်တော်က သတ်မှတ်ပေးတဲ့ နေ့ရက်တွေမှာ လွှတ်တော်ကို ပြန်လည်တင်ပြနိုင်ရန်အတွက် ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးတဲ့အခါ ဦးစိုးဝင်းတင်ပြခဲ့တဲ့ ဒီအချက် ၆ ချက်ရှိပါတယ်။ ဒီ ၆ ချက်လုံးဟာ ကျွန်တော်တို့ ပယ်ဖျက်ဖို့ မဖြစ်နိုင်ဘူးဆိုတာ တွေ့ခဲ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီ အမှတ်စဉ် ၂၊ ၁၉ (ဆ)၊ အမှတ်စဉ် ၃၊ ၁၉ (ည)၊ ဒီအချက်တွေကို လွှတ်တော်ဥက္ကဋ္ဌကြီးကို ကျွန်တော်တို့က လုပ်ပိုင်ခွင့်ပေးမထားလို့ရှိရင် ဒီလိုခေတ်ပြောင်း၊ စနစ်ပြောင်းဒီမိုကရေစီစနစ်ကို တကယ်ကျွန်တော်တို့တွေ အလေ့အကျင့်ကောင်း ရလာတဲ့အချိန်ကို အားယူပြီးတော့ ပြောင်းလဲနေတဲ့ကိုယ်စားလှယ်တွေကို ဒီလိုကျွန်တော်တို့ ကြပ်မတ်ထိန်းကျောင်းတဲ့လုပ်ပိုင်ခွင့်တွေကို ကျွန်တော်တို့က မပေးထားခဲ့ဘူးဆိုလို့ရှိရင်၊ မပြဋ္ဌာန်းထားခဲ့ဘူး ဆိုလို့ရှိရင်၊ ကျွန်တော်တို့ များစွာ အခက်အခဲတွေ ကြုံနိုင်ပါတယ်။ ဥက္ကဋ္ဌကြီးလည်း အမိန့်ရှိသွားပြီး ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုးဝင်းတင်ပြသလို ကျွန်တော်တို့က ဒီဥက္ကဋ္ဌကြီးနေရာမှာ နေရာယူလျက်ရှိတဲ့ ကျွန်တော်တို့ လက်ရှိဥက္ကဋ္ဌကိုပဲ ရည်ရွယ်ပြီးတော့ ဒီဥပဒေကို ဆွေးနွေးခဲ့ကြတာ မဟုတ်ဘူးပေါ့။ ဘယ်ဥက္ကဋ္ဌပဲဖြစ်ဖြစ်၊ ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် ကျွန်တော်တို့ ဥပဒေတစ်ခုအနေနဲ့ ပြဋ္ဌာန်းလို့ရှိရင် ဒီအချက်တွေဟာ ပယ်ဖျက်ဖို့လိုသလား၊ ထည့်သွင်းထားဖို့လိုသလားဆိုတဲ့ဟာကို ကျွန်တော်တို့က ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားခဲ့ကြပါတယ်။ အဲလိုစဉ်းစားပြီးမှ ကျွန်တော်တို့ လွှတ်တော်ကို ပြန်လည်တင်ပြခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ အနေနဲ့ကတော့ မူလပြဋ္ဌာန်းထားတဲ့ပြဋ္ဌာန်းချက်တွေဟာ အရင် န.ယ.က ခေတ်ကပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်တွေနဲ့ တူတာလည်း ရှိတယ်၊ မတူတာလည်းရှိတယ်။ တူတာတွေက ကျွန်တော်တို့ လက်တွေ့ကျင့်သုံးဖို့ လိုအပ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ ဆက်လက်ပြီးတော့ လက်ခံယူခဲ့တယ်။ မတူတာတွေကတော့ ပြောင်းလဲလာတဲ့ အခြေအနေတွေပေါ်မှာ ကျွန်တော်တို့ ရောက်နေတဲ့ခရီးစဉ်မှာ ဒါတွေကတော့

လုပ်ဖို့လိုအပ်တယ်၊ လုပ်သင့်တယ်ဆိုပြီးတော့ ပြောင်းလဲပြင်ဆင်ခဲ့တာတွေရှိပါတယ်။ အဲဒီလို ကျွန်တော်တို့ဥပဒေကြမ်းကော်မတီဝင်တွေ ကျွန်တော်တို့ တိုင်ပင်ဆွေးနွေးပြီးတော့ အဖြေထုတ်လိုက်တဲ့အခါ မူလပြဋ္ဌာန်းထားတဲ့အတိုင်းပဲ နည်းဥပဒေ ၁၉(ဆ)၊ ၁၉(ည)၊ နည်းဥပဒေ ၁၄၀ (ဂ)၊ ၁၄၀ (ဈ)၊ ၁၄၃၊ ၁၆၀ တို့ဟာမူလပြဋ္ဌာန်းထားတဲ့အတိုင်းပဲ ထားရှိသင့်တယ်လို့ သဘောရတဲ့အတွက်ကြောင့် ဦးစိုးဝင်းရဲ့ တင်ပြချက်ကို ကျွန်တော်တို့ လက်မခံဘဲ မူလ ပြဋ္ဌာန်းချက်အတိုင်း လက်ခံပေးဖို့အတွက် လွှတ်တော်ကို ကော်မတီရဲ့ကိုယ်စား တင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက်ကို ကန့်ကွက်လိုသူရှိပါသလား။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် စကားနည်းနည်းလောက် ပြောခွင့်ပြုပါခင်ဗျား။ ခုနက ကျွန်တော်တို့ဥပဒေကြမ်း ကော်မတီက လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဘရှိန် ပြောသွားသလို ကျွန်တော်တို့ဟာ ယုန်ထင်ကြောင်ထင် ဟုတ်သလိုလို မဟုတ်သလိုလို ဆိုတာမျိုးတွေ ကျွန်တော်တို့ထင်တဲ့ကိစ္စ မဟုတ်ပါဘူး။ ဒီထဲမှာ ကျွန်တော်တို့ ဆွေးနွေးတဲ့ကိစ္စမှာ နောက်တစ်ခုကလည်း ခုနက ရက်ပေါင်း ၉၀ ကို ပေးတယ်၊ မပေးဘူး ဆိုတာမျိုးတွေ ဒီလိုဟာမျိုး ကျွန်တော် ဆွေးနွေးတုန်းကလည်း ကျွန်တော်တို့ မဆွေးနွေးပါဘူး။ ဥပဒေအရ ဥပဒေမှာ ကျွန်တော် ဒီမှာတင်ပြသလိုပဲ အခန်း (၂၀) ဥပဒေပုဒ်မ ၂၀၂ မှာ ဒီလိုညွှန်းတယ်။ ဒီဘက်မှာကျတော့ ၁၇၆ မှာ ကျတော့ (ဂ)မှာ ပါလာတဲ့အတွက်ကြောင့်မို့လို့ ဒီနှစ်ခုဟာ စဉ်းစားဖို့ ဖြစ်နေပါတယ်။ ဟိုကတော့ ရက်ပေါင်း ၉၀ ပေးတယ်။ ဒါပေမယ့် ဒီမှာကတော့ အတည်ပြု လိုက်ရင် ဒီအတည်ပြုပေးတဲ့ဟာနဲ့ ဆန့်ကျင်ဘက် မဖြစ်စေရဆိုပြီးတော့ကျတော့ အဲဒီလို အဆိုရှိပါတယ်။ ဒီထဲမှာ ဥပဒေ ၁၇၆ က အဲဒါတွေကိုပဲ ကျွန်တော်တို့က စဉ်းစားနိုင်အောင် တင်ပြခဲ့တာရှိပါတယ်။ မယုံတာမဟုတ်ပါဘူး။ ကျွန်တော်တို့က ဘာပဲဖြစ်ဖြစ် လေးစားပါတယ်။ ကျွန်တော်တို့ လူကြီးတစ်ယောက်အနေနဲ့ ကျွန်တော်တို့ တလေးတစား တင်ပြပေးတာပါ။ ဟုတ်ကဲ့ပါ ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ကန့်ကွက်တဲ့သူရှိပါသလား။ ကန့်ကွက်လိုသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ မူလပြဋ္ဌာန်းချက်အတိုင်း အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂ နှင့် အမှတ်စဉ် ၇ ဦးအောင်ဇင်၊ ပုဇွန်တောင်မဲဆန္ဒနယ်မှ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ပြင်ဆင်လိုတဲ့ အချက်ကတော့ အပိုဒ် ၁၅၄ (က)မှာ နည်းဥပဒေ ၁၅၁ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်သည် မိမိဆွေးနွေးလိုသောအချက်ကို အတိုချုပ်ဖော်ပြ၍ မိမိကိုယ်တိုင် လက်မှတ်ရေးထိုးထားသောစာတွင် အနည်းဆုံး တခြားလွှတ်တော်ကိုယ်စားလှယ် ၂ ဦးကလည်း လက်မှတ်ရေးထိုးပြီးဆွေးနွေးရန် သတ်မှတ်သည့်ရက်မတိုင်မီ ၃ ရက်ကြို၍ ပြည်သူ့ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးမှတစ်ဆင့် ဥက္ကဋ္ဌထံပေးပို့ရမည်။ ယင်းသို့ပေးပို့ရာတွင် မည်သည့်အကြောင်း ကြောင်းကြောင့် ဆွေးနွေးလိုကြောင်း အတိုချုပ်ရှင်းလင်းချက်ပူးတွဲပေးရမည်ဆိုတဲ့ ပြဋ္ဌာန်းချက်မှာ လက်မှတ်ရေးထိုးထားသောစာတွင် အနည်းဆုံးအခြားလွှတ်တော်ကိုယ်စားလှယ် ၂ ဦးကလည်း ဆိုပြီးတော့အပိုဒ်ကို ပယ်ဖျက်ထားတာဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဦးအောင်ဇင်ရဲ့ အဆိုပြုချက်ကို ကန့်ကွက်လိုပါသလားခင်ဗျား။ ကန့်ကွက်သူမရှိတဲ့အတွက် ဦးအောင်ဇင်၊ ပုဇွန်တောင်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ် ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၉ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးရဲ့ကိုယ်စား ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်ပတ်သက်ပြီး ပြင်ဆင်ချက်အဆို ၃ ခု စလုံးကို တစ်ပေါင်းတည်းတင်ပြခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၂ အမှတ်စဉ် ၉ မှာ နည်းဥပဒေ ၂၀၉ မှာ ပြင်ဆင်လိုတဲ့အချက်ကတော့ ဒီလို ဖွံ့ဖြိုးရေးရန်ပုံငွေတွေကို ရေးဆွဲတဲ့အခါမှာ ဥက္ကဋ္ဌရဲ့

အတည်ပြုချက်ထည့်သွင်းဖော်ပြရန်လိုအပ်တယ်လို့ ယူဆတဲ့အတွက် နည်းဥပဒေ ၂၀၉ မှာ ပြည်သူ့လွှတ်တော်ရုံး၏ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် မြို့နယ်အလိုက် သုံးစွဲရန်လျာထားသည့် ဖွံ့ဖြိုးရေးရန်ပုံငွေကို ဥက္ကဋ္ဌ၏အတည်ပြုချက်ဖြင့် ထည့်သွင်းရေးဆွဲရမည်လို့ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယားရဲ့စာမျက်နှာ ၃ အမှတ်စဉ် ၁၀ ဖြစ်ပါတယ်။ နည်းဥပဒေ ၂၁၀ မှာ မူလမှာ နှစ်စဉ် ပြည်ထောင်စု၏ ရသုံးမှန်းခြေငွေစာရင်းလို့ ရေးသားဖော်ပြထားတာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၁ မှာ ပြည်ထောင်စု၏ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းလို့ ရေးထားတာဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါစာလုံးနှင့်အညီ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒုတိယပြင်ဆင်ထားချက်ကတော့ ပြည်သူလူထုဆိုတဲ့စကားရပ်အစား ကျွန်တော်တို့ ပြဋ္ဌာန်းပြီးဖြစ်တဲ့ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော် ဆိုင်ရာ ဥပဒေပါ ပါရှိတဲ့ ဒေသခံပြည်သူများလို့ သုံးထားတဲ့အတွက် အဲဒီ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါ အသုံးအနှုန်းနဲ့ ညီညွတ်စေရန်ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နည်းဥပဒေ ၂၁၀ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စု၏ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းတွင် လွှတ်တော်မဲဆန္ဒနယ်မြေအလိုက် ခွဲဝေသတ်မှတ်ပေးသည့် ဖွံ့ဖြိုးရေးရန်ပုံငွေကို သက်ဆိုင်ရာနယ်မြေဒေသရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့်ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ သုံးစွဲရမည်ဟု ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ အမှတ်စဉ် ၁၁ နည်းဥပဒေ ၂၁၂ မှာ လွှတ်တော်ဥက္ကဋ္ဌက စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်နိုင်ရန် ပိုပြီးပြည့်စုံစေရန်အတွက် နည်းဥပဒေ ၂၁၂ အား မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းသုံးစွဲရေးနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်ခြင်းခံရသော ကော်မတီသည် ဥက္ကဋ္ဌကထုတ်ပြန်သော စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်လို့ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အထက်မှာ ဖော်ပြခဲ့ပြီးတဲ့ ဥပဒေ ၂၀၉၊ နည်းဥပဒေ ၂၁၀၊ နည်းဥပဒေ ၂၁၂ တို့အား လွှတ်တော်မှအတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် ပြင်ဆင်ချက်အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

[ဦးစိုးစိုး၊ ထီးချိုင့်မဲဆန္ဒနယ်၏ကိုယ်စား ဦးခင်မောင်ရွှေ၊ တမူးမဲဆန္ဒနယ်က ဆွေးနွေးခြင်းဖြစ်ပါသည်။]

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီကဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဦးစိုးစိုးရဲ့ ပြင်ဆင်အဆိုပြုချက်အားလုံးကို သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးစိုးစိုးရဲ့ ပြင်ဆင်အဆိုပြုချက်အား ကန့်ကွက်လိုသူရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးစိုးစိုး၊ ထီးချိုင့်မဲဆန္ဒနယ်ရဲ့ပြင်ဆင်ချက် အဆို ၃ ခုလုံး အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲများကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေးပြီး ၈-၂-၂၀၁၂ ရက်နေ့က အတည်ပြုခဲ့တဲ့ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို အမျိုးသား လွှတ်တော်သို့ ၁၃-၈-၂၀၁၂ ရက်နေ့တွင် ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၃၀-၁-၂၀၁၃ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၃ အရ လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ပြင်ဆင်ချက်အဆိုတင်သွင်းရန် သတ်မှတ်ထားတဲ့ ၄-၂-၂၀၁၃ ရက်နေ့အထိ အမျိုးသား

လွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ကိုယ်စားလှယ်တစ်ဦးချင်းအနေဖြင့် ပြင်ဆင်ချက်အဆို တင်သွင်းခြင်းမပြုသော်လည်း ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများက ညှိနှိုင်းစိစစ်ခဲ့ရာ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက်မှ အချက် ၆ ချက်နှင့်စပ်လျဉ်းပြီး သဘောထားကွဲလွဲကြောင်းတင်ပြလာပါတယ်။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုရှိက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ သဘောထား ကွဲလွဲသည့် အချက် ၆ ချက်နှင့် စပ်လျဉ်းပြီးတင်ပြဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ (က) အရ သဘောကွဲလွဲတဲ့အချက် ၆ ချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြဆောင်ရွက်သင့်ပါကြောင်း လေးစားစွာ အဆိုတစ်ရပ်တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် သဘောထားကွဲလွဲသည့် အချက် ၆ ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး သဘောထားကွဲလွဲသည့် အချက် ၆ ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက် (သောကြာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ၁၃း၄၀ နာရီတွင်ရပ်နားပါသည်။]